ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (8-9-2003)°(၃၉၈၇)

ဒါန၃ စ တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၃ ခုနှစ် စက်တင်ဘာ ၈ ရက်၌ ကျရောက်သော မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်၊ထရာချ်ကော့ဗ်စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များ ဆောင်ရွက်ရာတွင် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း လက်ကိုင်ထားပြီး အဂတိလေးပါး၊ တံစိုးသုံးပါးရှောင်ကြဉ် နိုင်ငံတော်ကပေးအပ်လာမည့် မည်သည့်တာဝန်မျိုးမဆို ထမ်းဆောင်နိုင်ရန် သင်ကြားလေ့ကျင့်ပေးထား

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြောင်းလဲဆောင်ရွက်

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ၁၉၉၄ ခုနှစ်ကပင် စတင်ဖွဲ့စည်းပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ (၉)နှစ်ကျော်ကာလ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စနစ်ကျနသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော တပ်ဖွဲ့ဖြစ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားတစ်ရပ်အဖြစ် စနစ်တကျဖြစ်ထွန်းစေရေးတို့အတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီအနေဖြင့် အထောက်အကူပြု ဆပ်ကော်မတီခြောက်ခုကို ဖွဲ့စည်းပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၈-၉-၂၀၀၃
(တနင်္လာနေ့)

စာတတ်မြောက်ရေး လှုပ်ရှားမှုလုပ်ငန်းစဉ်များ ဆက်လက်မြင့်မားတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

စက်တင်ဘာလ ၈ ရက် (ယနေ့)သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဖြစ်သည်။

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်အထိ **ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်**ကို ကျင်းပခဲ့ပြီး အဆိုပါ ကွန်ဂရက်စတင်ကျင်းပသည့် စက်တင်ဘာလ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ၁၉၆၉ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုကို ဂုဏ်ပြုသောအားဖြင့် ယူနက်စကိုအဖွဲ့ချုပ်က ၁၉၇၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၌ **မိုဟာမက်ရီဇာ ဖာလာဗီ**ဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၌ **နိုမာဆု**ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ယခု ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကို ကမ္ဘာ့ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ကမ္ဘာပေါ်တွင် သက်ကြီးစာမတတ်သူ ၈၆၁ သန်းကျော်ရှိပြီး ကလေး ၁၁၃ သန်းကျော်မှာ ကျောင်းမနေနိုင်သေးကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၂၀၀၃-၂၀၁၂ ခုနှစ်ကို ကမ္ဘာ့ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်သတ်မှတ်ကာ စာတတ်မြောက်ရေးလုပ်ငန်းများကို နိုင်ငံအလိုက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ ရပ် ချမှတ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဦးတည်ချက် ၁၂ ရပ်အနက် လူမှုရေး ဦးတည်ချက်လေးရပ်တွင် **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဟူသည့် ဦးတည်ချက်တစ်ရပ် ပါရှိသည်။

နိုင်ငံတော်က ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပညာရေးမျှော်မှန်းချက်တွင် အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းရန်ဟူ၍ ပါရှိသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနက ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ဖြင့် အကောင်အထည်ဖော်လျက် ရှိနေသည်။ ယခုအခါတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းမှအစ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေး လုပ်ငန်းများပါဝင်သည့် စဉ်ဆက်ပညာရေးကိုပါ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပြီ ဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ ပေါ်ထွန်းလာပြီး အခြေခံပညာကဏ္ဍ၌ နယ်စပ်ဒေသများ အပါအဝင် အခြေခံစာတတ်မြောက်ရေးနှင့် ရပ်ရွာပညာပဒေသာဌာန ၄၈၁ ဌာနတို့ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ယင်းမှာ နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အနက် **ကျေးလက်နေ ပြည်သူများ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး** ကို ဆက်စပ်အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပေသည်။

ယခင်က ကိုလိုနီစနစ်၏ ဆိုးမွေများကြောင့်လည်းကောင်း၊ ခေတ်အဆက်ဆက်၏ အားနည်းချက်များကြောင့်လည်းကောင်း၊ သက်ကြီးစာမတတ်သူဦးရေများပြားခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရက စာမတတ်သူ လျော့ပါးရေးနှင့် ပပျောက်ရေးအတွက် 'အ'သုံးလုံးကျေသင်တန်းများကို အစွန်အဖျားနယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံးဖြန့်ကြက် ဖွင့်လှစ်ပေးခဲ့သဖြင့် သက်ကြီးစာမတတ်သူ အင်အား ၅၀၀၉၆၃ ဦး စာတတ်မြောက်သွားကြပြီ ဖြစ်သည်။ စာတတ်မြောက်မှု နှုန်းသည်လည်း ၇၈ ရာခိုင်နှုန်းမှ ၉၂ ဒသမ ၂ ရာခိုင်နှုန်းသို့ တိုးတက်ရောက်ရှိလာပြီ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စာတတ်မြောက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဆက်လက်မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူတိုင်း စာတတ်မြောက်အောင် ဆက်လက်ဆောင်ရွက်

၂၀၀၃ ခုနှစ် စက်တင်ဘာလ(၈)ရက် စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ-

ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ ပထမဆုံးသော စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့ကျွန်ုပ်တို့ ကျင်းပကြပါသည်။ ကမ္ဘာတစ်ဝန်း စာတတ်မြောက်မှုနှုန်းများ တိုးတက်လာရေးအတွက် ဆောင်ရွက်ကြရန် လှုံ့ဆော်သောအားဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေးလုပ်ငန်း အညွှန်းဘောင် ချမှတ်ပေးသည့် ဤစာတတ်မြောက်ရေး ဆယ်စုနှစ်ကို ဖေဖော်ဝါရီလကပင် စတင်ခဲ့ပါသည်။ ဤအညွှန်းဘောင်အရ နိုင်ငံတကာစာတတ်မြောက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်မှာ ၂၀၁၅ ခုနှစ်မတိုင်မီ စာတတ်မြောက်မှုအဆင့်များကို ၅၀ ရာခိုင်နှုန်း တိုးမြှင့်လာစေရေးပင် ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် စာမတတ်သော သက်ကြီးဦးရေမှာ သန်းပေါင်း ၈၆၀ ကျော်ရှိနေပြီး စာမတတ်သူများ၏ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်နေကြပါသည်။ စာမတတ်သူများအား စာတတ်မြောက်လာအောင် ကူညီခြင်းသည် ကိုယ်ပိုင်အခွင့်အရေး ရရှိစေရေးအတွက် ပဓာနကျသော ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါသည်။ ထိုမျှသာမက ထောင်စုနှစ် ကမ္ဘာ့ကြေညာချက်တွင် ချမှတ်ထားခဲ့သော အခြားရည်ရွယ်ချက်များ ပေါက်မြောက် အောင်မြင်စေရေးအတွက်လည်း မရှိမဖြစ် လိုအပ်သော ဆောင်ရွက်မှုတစ်ရပ် ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းသည် ဘဝတစ်သက်တာ သင်ယူနိုင်ရန် အခွင့်အလမ်းပွင့်သွားခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးအတွက် စာတတ်မြောက်ရန် လိုအပ်ပါသည်။ ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် လှုပ်ရှားတက်ကြွမှုရှိသော နိုင်ငံသားများ ဖြစ်လာနိုင်မှုအတွက် စာတတ်မြောက်ခြင်းက လမ်းဖွင့်ပေးနေပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာတတ်မြောက်ရေးသည် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်ပါသည်။ သို့သော် ကမ္ဘာပေါ်ရှိ မည်သည့်လူ့အဖွဲ့အစည်းကမျှ စာမတတ်မြောက်မှုကို အပြည့်အဝ တိုက်ဖျက်ပြီးပြီဟု မပြောနိုင်ပါ။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများစွာ၏ အခြေအနေမှာ သင့်ပါသည်။ သို့သော် လုပ်ငန်းအကျိုးပြု စာတတ်မြောက်မှုအဆင့်အတွက် စိတ်ပူပန်နေရ ပါသေးသည်။ နိုင်ငံအားလုံးတွင် စာမတတ်မြောက်မှုသည် ဆင်းရဲနွမ်းပါးမှု၊ လူမှုရေးအရ ပစ်ပယ်ခံရမှုနှင့် မညီမျှမှုများနှင့် ဆက်နွယ်နေပါသည်။

သို့ဖြစ်ရာ စာတတ်မြောက်ရေးစိန်ခေါ်မှုကို သီးခြားကိစ္စတစ်ရပ်အဖြစ်ရင်ဆိုင်၍ မရနိုင်ပါ။ အနေအထားအရပ်ရပ်ကို ပေါင်းစည်းစဉ်းစားသော ချဉ်းကပ်မှုလိုအပ်ပါသည်။ ထိုချဉ်းကပ်မှုဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို ကူညီပံ့ပိုးမည့်သူများတွင် အဆင့်အသီးသီးရှိအစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ ပုဂ္ဂလိကကဏ္ဍ၊ လူ့အဖွဲ့အစည်းအမျိုးမျိုး၊ စာတတ်မြောက်ရေးလုပ်ငန်း ပညာရှင်များသာမက မိမိတို့စာရေး၊ စာဖတ် ပိုမိုကျွမ်းကျင်လာအောင် ဆောင်ရွက်လိုသူများ၏ မိသားစုနှင့်မိတ်ဆွေ အပေါင်းအသင်းများလည်း ပါဝင်ကြပါသည်။

စာတတ်မြောက်လာအောင် သင်ယူခြင်းသည် လုပ်ပိုင်ခွင့်များ ရရှိလာစေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းဖြင့် လူသန်းပေါင်းများစွာသည် အသိပညာနှင့်သတင်း အချက်အလက်များကို ရယူနိုင်လာပါမည်။ သို့ဖြင့် အသိပညာနယ်ပယ် ပိုမိုကျယ်ပြန့်လာပါမည်။ ပိုမို သာယာကောင်းမွန်သော ဘဝကို တည်ထောင်နိုင်ရန် အခွင့်အလမ်းများရရှိလာပြီး အသွင်ကွဲ နည်းလမ်းအမျိုးမျိုးကို ဖန်တီးလာနိုင်ပါမည်။ လူ့အဖွဲ့အစည်းအားလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထိရောက်ဆုံး ကိရိယာမှာ အမျိုးသမီးပညာရေးဖြစ်ပါသည်။ မိန်းကလေးများပညာသင်ယူခွင့်နှင့် အမျိုးသမီးများလုပ်ပိုင်ခွင့်ရရှိစေရန် မရှိမဖြစ် လိုအပ်နေပါသည်။ သို့ဖြစ်၍ စာတတ်မြောက်ရေး ဆယ်စုနှစ်၏ ပထမနှစ်နှစ်တွင် အမျိုးသမီးစာတတ်မြောက်ရေးကို ဦးစားပေးဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ ဤလုပ်ရပ်ကိုအခြေခံပြီး ကျွန်ုပ်တို့၏ အန္တိမရည်မှန်းချက်ပန်းတိုင်ဖြစ်သော လူတိုင်းစာတတ်မြောက်အောင် ဆက်လက်ဆောင်ရွက်သွားကြပါမည်။ ယနေ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကြီးတွင် ၂၁ ရာစု၌ လူအများစုစာမတတ်မြောက်မှုမဖြစ်စေရန်အတွက် ကျွန်ုပ်တို့အားလုံး ပူပေါင်းဆောင်ရွက်ရန် အမိန့်ဌာန် ပြုကြပါစို့။ ။

စာတတ်မြောက်ရေးသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်

၂၀၀၃ ခုနှစ် စက်တင်ဘာလ (၈) ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ် ပေးပို့သောသဝဏ်လွှာ-

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ကျွန်ုပ်တို့ နှစ်စဉ် ကျင်းပခြင်းသည် ကောင်းမြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ လိုလားအပ်သောလုပ်ငန်း တစ်ရပ်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကဲ့သို့သော အချို့ပုဂ္ဂိုလ်များအတွက် စာတတ်မြောက်ရေးကို အရေးထားသင့်ကြောင်း (သို့မဟုတ်) စာတတ်မြောက်ရေး၏ အရေးပါမှုကို လျှော့မတွက်သင့်ကြောင်း ဤအခမ်းအနားက ထပ်မံ နှိုးဆော်သတိပေးလျက်ရှိပါသည်။ စာတတ်ပြီးစ ပုဂ္ဂိုလ်အချို့အတွက်မူ စာတတ်မြောက်ရေးသည် တစ်ချိန်က အလှမ်းကွာဝေးခဲ့သော အခွင့်အလမ်းဖြစ်ခဲ့သော်လည်း ယခုအခါ စာတတ်မြောက်လာခြင်းကြောင့်လုပ်ပိုင်ခွင့်အသစ်များ ရရှိလာသဖြင့် စာတတ်မြောက်ရေး အခွင့်အလမ်းများကို ကြိုဆိုဂုဏ်ပြုသင့်သော အချိန်အခါ ဖြစ်ပါသည်။ စာမတတ်သူတို့၏ ဘဝကို ထူးခြားမှု ရှိလာအောင် စိတ်ရှည်လက်ရှည်၊ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခဲ့ကြသော စာတတ်မြောက်ရေးနည်းပြများ၊ စာတတ်မြောက်ရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်သူများနှင့် စေတနာ့ဝန်ထမ်းများကို ဤနေ့အခါသမယတွင် ချီးကျူးဂုဏ်ပြု ကြမည်ဖြစ်ပါသည်။ သို့သော် စာမရေးတတ်သူများ စာရေးသားဆက်သွယ်မှု မပြုနိုင်သူများအတွက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် အလွန်အရေးပါဆုံးနေ့ကြီး ဖြစ်ပါသည်။ အကြောင်းမှာ ဤနေ့တွင် ထိုသူများ၏ ပစ္စုပ္ပန်နှင့် အနာဂတ် စာတတ်မြောက်ရေး လိုအင်များကို ဖော်ထုတ်ပေးရန် ကျွန်ုပ်တို့ စုပေါင်းကတိကဝတ် ပြုကြသောကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း၌ အသက် ၁၅ နှစ်အထက် စာမတတ်သူဦးရေသည် ၈၆၂ သန်းခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။ နှစ်စဉ် ဤမျှလောက်သော စာမတတ်သူဦးရေရှိနေသည်မှာ အလေးအနက်စဉ်းစားသင့်သော အချက်ဖြစ်ပါသည်။ သို့သော် စာတတ်မြောက်ရေးနှင့် ပတ်သက်၍ တိုးတက်မှုမရှိဟု မဆိုနိုင်ပါ။ တစ်ကမ္ဘာလုံးဆိုင်ရာ လူတိုင်းအတွက် ပညာရေးကြီးကြပ်မှု အစီရင်ခံစာ (၂၀၀၂)တွင် သက်ကြီးစာတတ်မြောက်မှုသည် ၁၉၈၀ ပြည့်နှစ်၌ ၇၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၌ ၈၀ ရာခိုင်နှုန်းရှိလာသဖြင့် နှစ်ပေါင်း(၂၀)အတွင်း ၁၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဖော်ပြထားပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် နှစ်ပေါင်း(၂၀)အတွင်း လူသန်းပေါင်းများစွာတို့ စာတတ်မြောက် လာကြသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

သို့သော် စာမတတ်သူဦးရေ ဤမျှဆက်လက်မြင့်မားနေခြင်းသည် စာတတ်မြောက်ရေးဆိုင်ရာ စိန်ခေါ်မှု ရှိနေသေးကြောင်း ဖော်ညွှန်းနေပါသည်။ ဤအချက်သည် လူဦးရေတိုးတက်မှုထက် သာလွန်သော စာတတ်မြောက်ရေး တိုးတက်မှုနှုန်းရှိရန် လိုအပ်နေကြောင်း တပ်လှန့်နေသော အချက်ပင်ဖြစ်ပါသည်။

စာမတတ်မြောက်မှု အမြစ်တွယ်နေသော လူ့အဖွဲ့အစည်းများ စာတတ်မြောက်လာသည်အထိ ကျွန်ုပ်တို့ ကြိုးပမ်းကြရပါမည်။ ထိုလူ့အဖွဲ့အစည်းများတွင် လက်လှမ်းမီရန် ခက်ခဲသော အုပ်စုများပါဝင်ပါသည်။ ထိုအုပ်စုများမှ လူမျိုးနွယ်စုငယ်များနှင့် ကျေးလက်ဒေသများမှ အမျိုးသမီးများ၊ ဘာသာစကားနှင့်ယဉ်ကျေးမှုအရ ကွဲပြားနေသော လူမျိုးနွယ်စုငယ်များ၊ မြို့ပြနှင့် ကျေးလက်မှ အလွန်ဆင်းရဲနွမ်းပါးသူများ၊ လမ်းပေါ်ကလေးများနှင့် ကျောင်းထွက်ထားသော ဆယ်ကျော်သက်အရွယ်များဖြစ်ကြပါသည်။ ထိုသူတို့၏ စာတတ်မြောက်ရေးလိုအင်ကိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် ဆန်းသစ်သော နည်းဗျူဟာများကို အသုံးပြုရုံသာမက အရင်းအမြစ်များကိုလည်း အချိုးကျ ပိုမိုသုံးစွဲရန် လိုအပ်နေပါသည်။

အလေးထားသင့်သော အဓိကအချက်တစ်ရပ်မှာ စာတတ်မြောက်အောင် သင်ယူခွင့်မရရှိသူများ၏ သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်နေသည့် အချက်ပင်ဖြစ်ပါသည်။ ဤသို့ အမျိုးသမီးများ စာတတ်မြောက်အောင် သင်ယူခွင့်မရခြင်းသည် အမျိုးသမီးများ၏ အခြေခံအခွင့်အရေးများ ငြင်းပယ်ခံရကြောင်း ပြသနေပါသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးသော နိုင်ငံများနှင့် အခွင့်အလမ်းမသာသော လူ့အဖွဲ့အစည်းများ၌ လူ့စွမ်းရည်များကို ဖြုန်းတီးရာလည်း ရောက်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးတွင် အမျိုးသမီးများ၏ အဖိုးတန် ပံ့ပိုးကူညီမှုများ ပါဝင်နေကြောင်း သာဓကများစွာရှိပါသည်။ အမျိုးသမီးများ စာတတ်မြောက်ရေးသည် တစ်ချိန်က ပိတ်ပင်တားဆီး ခံခဲ့ရပါသည်။ အမျိုးသမီးထု၏ စွမ်းအားကို ဖော်ပြနိုင်ရန် စာတတ်မြောက်မှုသည် အရေးကြီးပါသည်။ စာတတ်မြောက်ခြင်းဖြင့် ၎င်းတို့၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာ ပိုမိုတိုးတက်လာစေ နိုင်ပါသည်။ မိသားစုဘဝ သာယာရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြုသဘောလူမှုရေးဆိုင်ရာ ပြောင်းလဲမှုများကို ပိုမိုဆောင်ရွက်လာနိုင်ပါမည်။ စာတတ်မြောက်မှုသည် အမျိုးသမီးတို့၏ဘဝကို အကျိုးသက်ရောက်မှု ရှိစေပါသည်။ ထို့ကြောင့် စာတတ်မြောက်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အချက်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် စာတတ်မြောက်မှုသည် အဓိက ကဏ္ဍမှ ပါဝင်နေပါသည်။ ထို့ပြင် စာတတ်မြောက်မှုသည် သင်ယူမှုအတွက်လည်း အရေးပါသည်။ ဘဝတစ်သက်တာ သင်ယူရေးအတွက် စာတတ်မြောက်မှုသည် အခြေခံအချက်ပင် ဖြစ်ပါသည်။ နည်းပညာပြောင်းလဲမှုနှင့် အသိပညာ တိုးပွားမှုများကြောင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ကျွန်ုပ်တို့ ကမ္ဘာကြီးတွင် ဘဝတစ်သက်တာ သင်ယူခြင်းဖြင့် သင်ယူမှုအသစ်တစ်ခုကို စတင်နိုင်ပါသည်။ ဒုတိယသင်ယူမှု အခွင့်အလမ်း ရရှိနိုင်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အီရတ်အား အမေရိကန် တိုက်ခိုက်သိမ်းပိုက် အုပ်ချုပ်မှုကို ငြိမ်းချမ်းစွာ ခုခံတွန်းလှန်ရန် ရှီးယားခေါင်းဆောင် တိုက်တွန်း

နာဂျက်ဖ် စက်တင်ဘာ ၇

အမေရိကန်တို့ အီရတ်နိုင်ငံအား တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်ခြင်းကို ငြိမ်းချမ်းစွာ ခုခံတွန်းလှန်သွားရန် ရှီးယားထိပ်တန်းခေါင်းဆောင် အယ်ကိုဘန်ဂျီက သောကြာနေ့တွင် တိုက်တွန်းလိုက်ပြီး သူ့နောက်လိုက်များက စိတ်မရှည်နိုင်တော့ကြောင်း သတိပေးပြောဆိုသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တော်တွင် ဆွန်နီဗလီတစ်ခု၌ ဝတ်ပြုအပြီးတွင် ဝတ်ပြုသူများအား သေနတ်သမားများက တိုက်ခိုက်သဖြင့် လူသုံးဦး ဒဏ်ရာရသွားသည်။

အီရတ်နိုင်ငံ ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်ဆုံး အီမန်အလီဗလီသို့ စုရုံးရောက်ရှိလာကြသော ပြည်သူ ၁၅၀၀၀ ကျော်တို့အား အယ်ကိုဘန်ဂျီက ဆက်လက်ပြောကြားရာ၌ အယာတိုလာ မိုဟာမက်ဘာကာ အယ်ဟာခင်မ်နှင့် အခြားပြည်သူများ သေဆုံးစေခဲ့သော လွန်ခဲ့သည့် ရက်သတ္တပတ်က ဗုံးဖောက်ခွဲမှုမှာ အီရတ်နိုင်ငံအတွင်း သဘောထားကွဲအောင် ရည်ရွယ်လုပ်ကြခြင်းဖြစ်သည်။

ဤငြိမ်းချမ်းစွာ ခုခံတွန်းလှန်ရေးလမ်းစဉ် ထွက်ပေါက်မရှိဖြစ်လာသည်ကို မိမိတို့ တွေ့ရှိလာသည့်အခါတွင် မဆိုင်းမတွ အခြားနည်းလမ်းများကို မိမိတို့ ချမှတ်ကျင့်သုံးမည်ဖြစ်ကြောင်း အယာတိုလာမိုဟာမက် အယ်ဟာခင်မ်၏ လက်ထောက်တစ်ဦးဖြစ်သူ အယ်ကိုဘန်ဂျီက ပြောဆိုသည်။

မပြိုကွဲ

အယာတိုလာ အယ်ဟာခင်မ်အား သတ်ဖြတ်သူများက မိမိတို့ ပြိုကွဲသွားလိမ့်မည်ဟု မျှော်လင့်နေကြကြောင်း၊ သူတို့က မိမိတို့အချင်းချင်း သဘောထား ကွဲလွဲစေလိုကြောင်း၊ မိမိတို့ လမ်းကြောင်း ပြောင်းသွားစေရန် သူတို့လိုလားကြောင်း၊ မိမိတို့ သူတို့မျှော်လင့်သလို မပြိုကွဲကြောင်း၊ သဘောထားကွဲလွဲမှုလည်း ရှိမည်မဟုတ်ကြောင်း၊ မိမိတို့ ချီတက်သည့် လမ်းကြောင်းလည်း ပြောင်းသွားမည်မဟုတ်ကြောင်း အယ်ကိုဘန် ဂျီက ပြောကြားသည်။

နာဂျက်ဖ်မြို့၌ ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်ထားရာ အီမန်အလီဗလီကို လက်နက်ကိုင်များ ထူထပ်စွာ ချထားသည်။ ဗလီသွားရာလမ်းများကိုလည်း ပိတ်ထားသည်။ လမ်းသွားလမ်းလာများကိုလည်း ရဲများ၊ ပြည်သူ့စစ်များနှင့် ဒေသခံများက ရှာဖွေစစ်ဆေးသည်။

တိုက်တွန်း

အယာတိုလာ မိုဟာမက်အယ်ဟာခင်မ်၏ အီရတ် အစ္စလမ္မစ် တော်လှန်ရေး ဦးဆောင်ကောင်စီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ဘာဒါလက်နက်ကိုင်အဖွဲ့ကို ပိုမိုထောက်ခံကြရန် အယ်ကိုဘန်ဂျီက တိုက်တွန်းလိုက်သည်။

အမေရိကန်တပ်များ အီရတ်ကို သိမ်းပိုက်ပြီးစအချိန်ကပင် အဆိုပါ ဘာဒါအဖွဲ့ကို ဖျက်သိမ်းပြီး လက်နက်စွန့်ခိုင်းခဲ့သည်။

ကြွေးကြော်

ဘာဒါတပ်ဖွဲ့ ဆက်လက်ရပ်တည်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အယ်ကိုဘန်ဂျီက ပြောကြားကာ ကြွေးကြော်သံများ ကြွေးကြော်ကြသည်။

အင်တာနက်။

နာဂျက်ဖ်မြို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ရှီးယားမွတ်စလင် ၁၀၀ နီးပါး သေဆုံးခဲ့ရသော နေရာအနီးတွင် စက်သေနတ်ကိုင်၍ စောင့်ကြပ်နေသည့် အီရတ်အမျိုးသားတစ်ဦးအား စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

မိုဆူးလ်မြို့ အနီး၌ ချုံခိုတိုက်ခိုက်ခံရ ဗြိတိသျှ ဗုံးကျွမ်းကျင်သူတစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီး လမ်းမပေါ်တွင် မော်တော်ယာဉ်ဖြင့်သွားနေစဉ် ချုံခိုတိုက်ခိုက်ခံရသဖြင့် ဗြိတိသျှ ဗုံးကျွမ်းကျင်သူတစ်ဦး သေဆုံးခဲ့ပြီး ၎င်း၏ အဖော်တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်ဟု ဗြိတိသျှ မိုင်းအကြံပေးအုပ်စု(အမ်အေဂျီ) အဖွဲ့မှလာသော သတင်းများက ဆိုသည်။

သေဆုံးသွားသူမှာ အသက်(၅၃)နှစ်ရှိ အီယန်ရီမေးလ်ဆိုသူဖြစ်သည်။ ၎င်းသည် အင်္ဂလန်နိုင်ငံ ကစ်ဒါမင်စတာအရပ်မှ ဖြစ်သည်။ ၎င်း၏အဖော်မှာ ဒေသခံဝန်ထမ်း ဆလမ်အာမက်မိုဟာမက်ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် မြေမြှုပ်မိုင်း ရှင်းလင်း ရေးဆောင်ရွက်နေကြသော အမ်အေဂျီကယ်ဆယ်ရေးအဖွဲ့မှ ဖြစ်ကြသည်။ လွန်ခဲ့သော ကြာသပတေးနေ့က ဖြစ်ပေါ်သော ချုံခိုတိုက်ခိုက်မှုကြောင့် မိုဟာမက်မှာ ပြင်းထန်စွာ ဒဏ်ရာရသွားသည်။

အခင်းဖြစ်ပွားစဉ်က ၎င်းတို့နှစ်ဦးသည် လုပ်ငန်းခွင်မှ အိမ်သို့ ပြန်လာနေကြခြင်းဖြစ်သည်။ ၎င်းတို့ စီးလာသော ကားပေါ်တွင် အမ်အေဂျီ ကယ်ဆယ်ရေးအဖွဲ့၏ အမှတ်အသား ထင်ရှားစွာ ရေးသားထားသည်။

အထက်ပါတိုက်ခိုက်မှုမှာ မည်သူ့လက်ချက်ဖြစ်သည်ကို မသိရသေးပေ။ အဆိုပါတိုက်ခိုက်မှုကြောင့် အမ်အေဂျီဝန်ထမ်းများမှာ ၎င်းတို့၏ မိတ်ဆွေကောင်း ဆုံးရှုံးသွားရသည့်အတွက် အကြီးအကျယ် စိတ်ထိခိုက်ကြရကြောင်း အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ လူးမက်ဂရက်က ပြောကြားသည်။ ၎င်းက သေဆုံးခဲ့ရသူသည် လူသားချင်းစာနာသောစိတ်ဓာတ် အထူးပြင်းထန်သူဖြစ်ပြီး ဒေသခံ အီရတ်များနှင့် အလွန်အဆင်ပြေစွာ ဆက်ဆံနိုင်သူဖြစ်သည်။ မိမိတို့၏ အတွေးသည် မိသားစုများထံ ပျံ့လွင့်နေကြပြီး အသည်းအသန် ဒဏ်ရာရနေသူ ဆလမ်အတွက်လည်း မိမိတို့ ဆုတောင်းပေးနေကြသည်ဟု ဆက်လက်ပြောကြားသွားသည်။

မိုင်းရှင်းလင်းရေး စေတနာအဖွဲ့(အမ်အေဂျီ)သည် အီရတ်နိုင်ငံ၌ လုပ်ငန်းများ ဆောင်ရွက်နေသည်မှာ ဆယ်စုနှစ်တစ်ခုမက ရှိနေပြီဖြစ်သည်။ ထိုအဖွဲ့သည် အီရတ်နိုင်ငံ မြောက်ပိုင်းတွင် မြေမြှုပ်မိုင်း ရှင်းလင်းရေးနှင့် မိုင်းအန္တရာယ် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့တွင် ဝန်ထမ်း ၇၀၀ ခန့်ရှိပြီး အများစုမှာ ဒေသခံများဖြစ်သည်။

ထိုအတောအတွင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက အီရတ်နိုင်ငံသို့ လုံခြုံရေးကိစ္စများ ဆောင်ရွက်ရန် တပ်ဖွဲ့များတိုး၍ စေလွှတ်မည်ဟု သောကြာနေ့က ပြောကြားခဲ့သည်။ ဗြိတိန်အမှတ်(၂) ခြေမြန်တပ်မှ စစ်သည် ၁၂၀ ကို ဆိုက်ပရပ်ကျွန်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေရာမှ လေယာဉ်ဖြင့် အီရတ်နိုင်ငံသို့ ယခု သီတင်းပတ်အကုန်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ လတ်တလောအခြေအနေတွင် အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ဗြိတိန်စစ်သား ၁၁၀၀၀ ရှိနှင့်ပြီးဖြစ်သည်။ ***အင်တာနက်။***

ချူဖိုး လုံးဝပိတ်ပင်ရေး သဘောတူစာချုပ်ကို အမေရိကန်နှင့် အခြား ၁၁ နိုင်ငံက အပိုင်စီးထားဟု ရုရှားစွပ်စွဲ

ဗီယင်နာ စက်တင်ဘာ ၆

အမေရိကန်နှင့် အခြား ၁၁ နိုင်ငံတို့သည် နျူကလီးယားဗုံး လုံးဝပိတ်ပင်တားမြစ်ရေး သဘောတူစာချုပ်ကို အပိုင်စီးထားလိုကြကြောင်း ရုရှားနိုင်ငံက ကြာသပတေးနေ့တွင် စွပ်စွဲလိုက်ပြီး ယင်းသဘောတူ စာချုပ်အား အလျင်အမြန်အတည်ပြုပေးရန် အဆိုပါနိုင်ငံများကို တိုက်တွန်းလိုက်သည်။

ရည်ရွယ်ကျင်းပ

နျူကလီးယား စမ်းသပ်မှုများ လုံးဝပိတ်ပင်တားမြစ်ရေးစာချုပ် (စီတီဘီတီ) အလျင်အမြန်အာဏာသက်ရောက်အကျိုးဝင်ရေး ရည်ရွယ်ကျင်းပသည့် ညီလာခံ၏ ဒုတိယမြောက်နေ့တွင် ဗီယင်နာမြို့ရှိ နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ ရုရှားသံအမတ်ကြီး ဂရီဂိုရီ ဘာဒင်နီကော့ဗ်က ယင်းကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အပိုင်စီးမှုခံနေရဆဲဖြစ်

စီတီဘီတီသည် အဆိုပါ ၁၁ နိုင်ငံ၏ နိုင်ငံရေးဆန္ဒ၏ အပိုင်စီးမှုကို ခံနေရဆဲဖြစ်ကြောင်း ဘာဒင်နီကော့ဗ်က ပြောကြားသည်။

အကျိုးဝင်

စီတီဘီတီ သဘောတူစာချုပ်ကို ၁၉၉၆ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ အတည်ပြုချမှတ်ခဲ့သည်။ ယခုအချိန်အထိ ယင်းသဘောတူစာချုပ်ကို ၁၆၈ နိုင်ငံက လက်မှတ်ရေးထိုးထားပြီး ၁၀၄ နိုင်ငံက အတည်ပြုထားသည်။ သို့ရာတွင် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည်ဟု ယူဆရသော ၄၄ နိုင်ငံက ယင်းစာချုပ်အား အတည်ပြုပြီးမှသာလျှင် ယင်းစာချုပ်မှာ အာဏာသက်ရောက် အကျိုးဝင်မည်ဖြစ်သည်။

နိုင်ငံ ၃၂ နိုင်ငံက ယင်းစာချုပ်ကို အတည်ပြုထားသည်။ အတည်မပြုရသေးသည့် ၁၂ နိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ကိုလံဘီယာ၊ မြောက်ကိုရီးယား၊ ကွန်ဂို၊ အီဂျစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အစ္စရေး၊ ပါကစ္စတန်နှင့် ဗီယက်နမ်တို့ ဖြစ်ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗြိတိန်အခြေစိုက် မိုင်းရှင်းလင်းရေးအုပ်စုတစ်စုမှ ကျွမ်းကျင်သူ အီယန်ရီမေးလ် အီရတ်နိုင်ငံ မိုဆူးလ်မြို့မှ ၂၅ မိုင်အကွာရှိ လက်နက်ခဲယမ်းမီးကျောက် သိုလှောင်စခန်း၌ လုယက်ခိုးယူခံရမှု အခြေအနေကို ကြည့်ရှုစစ်ဆေးနေစဉ်။

(၎င်းသည် အီရတ်မြောက်ပိုင်း လမ်းဘေးတစ်နေရာ၌ ချုံခိုတိုက်ခိုက်ခံရ၍ စက်တင်ဘာ ၅ ရက်က သေဆုံးခဲ့သည်။)

(ဓာတ်ပုံ- အင်တာနက်)

ဘာမြူဒါကမ်းခြေ၌ အင်အားပြင်း မုန်တိုင်းတိုက်ခတ်

ဟမ်မီတန်(ဘာမြူဒါ) စက်တင်ဘာ ၆

ရောမလှိုင်းလုံးကြီးများသည် ဘာမြူဒါကမ်းခြေသို့ တလိမ့်လိမ့်တက်လာပြီး တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်သည့် ဖေဘီယန်အမည်ရှိ လေမုန်တိုင်းဒဏ်ကြောင့် ဘာမြူဒါကျွန်းမှ လျှပ်စစ်ဓာတ်အားပေးလိုင်းများပြတ်ထွက်ကုန်ကာ ထန်းပင်၊အုန်းပင်များ အမြစ်မှကျွတ်ထွက်ကုန်သည်။

— ပျက်စီးထိခိုက် —

အတ္တလန်တစ်ဒေသ ရာသီဥတုတွင် တိုက်ခတ်လေ့ရှိသည့် အားမာန်ဟုန်ပြင်းထန်သော ဟာရီကိန်းလေမုန်တိုင်းဒဏ်ကြောင့် ကမ်းလွန်ရှိ ဘဏ္ဍာရေးဆိုင်ရာဌာနနှင့် ခရီးသည်များ အနားယူအပန်းဖြေနေရာများ ပျက်စီးပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်၊ လမ်းမများသည် ပြိုလဲကျနေသည့် သစ်ပင်များဖြင့် ရှုပ်ထွေးပြည့်နှက်စေကာ တာရိုးလမ်းများအား ပျက်စီးထိခိုက်ခဲ့သည်။ ၎င်းတာရိုးလမ်းသည် ဘာမြူဒါလေဆိပ်သို့ ဘာမြူဒါကျွန်းမှ ဆက်သွယ်ရာ အဓိကကျသည့်လမ်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ၊ အစိုးရရုံးများနှင့် ကျောင်းများပိတ်ထားကာ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ် ပြန်လည်တည်ဆောက်ရေးအစီအစဉ် လုံခြုံရေးကောင်စီ အစည်းအဝေး၌ ညှိနှိုင်း

ကုလသမဂ္ဂ စက်တင်ဘာ ၇

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ အမြန်ပြန်လည်တည်ဆောက်ရေး မည်သို့လုပ်မည်၊ နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ မည်မျှ များပြားစွာ ပါဝင်ဆောင်ရွက်ခွင့်ပေးမည်စသော သဘောထား ကွဲလွဲသည့် အဓိကပြဿနာများနှင့် နပန်းလုံးနေရသည့် အီရတ်နိုင်ငံအား ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ စေလွှတ်ရေးနှင့် ငွေကြေးများ ရရှိရေးအတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်ဆန့်ကျင်သူများကရော ထောက်ခံသူများကပါ အဆိုပြုကြသည်။

ကြိုဆိုလက်ခံ

အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပထမဆုံး အလွတ်သဘော အစည်းအဝေးတွင် ကောင်းမွန်စွာ ဆွေးနွေးညှိနှိုင်းကြမှုကို အမေရိကန်က ကြိုဆိုလက်ခံသည်။ ဤဆွေးနွေးပွဲမှာ အီရတ်စစ်မဖြစ်မီက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးအခြေအနေနှင့် ပြောင်းပြန်ဖြစ်သည်။

စစ်ဆန့်ကျင်သည့် ပြင်သစ်နှင့် ဂျာမနီတို့က အမေရိကန် ခန့်အပ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီမှ ရွေးချယ်တင်မြှောက်သော အီရတ်အစိုးရသစ် ဖွဲ့စည်းရေးသို့ အာဏာလွှဲပြောင်းမှု အသွင်ကူးပြောင်းရေးနှင့် ပိုမိုလျင်မြန်ရေး ဆုံးဖြတ်ချက် အတည်ပြုနိုင်ရေးအတွက် ကြိုတင်လိုအပ်ချက်များကို ဆွေးနွေးကြသည်။

ထင်မြင်ယူဆ

သို့သော် ယင်းကိစ္စမှာ အပေးအယူ ပြုလုပ်၍ ရနိုင်ကြောင်း ယုံကြည်သည်ဟု ၎င်းတို့က ပြောဆိုသည်။ ညှိနှိုင်းရယူနိုင်မည်ဟု ထင်မြင်ယူဆမိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက သောကြာနေ့တွင် ပြောကြားလိုက်သည်။ ကုလသမဂ္ဂဆိုင်ရာ ဂျာမနီသံအမတ်ကြီး ဂန်တာပကူဂါက မိမိတို့အနေဖြင့် ဆောင်ရွက်စရာများစွာရှိကြောင်း၊ သို့သော်ဤအစည်းအဝေးမှာ လွန်စွာအပြုသဘောဆောင်သည့် အစည်းအဝေးဖြစ်ကြောင်း ပြောဆိုသည်။

အင်တာနက်။

အီရတ်တွင် အမေရိကန်စစ်သည် သေဆုံးသူ ၂၈၇ဦး ရှိပြီ ဗြိတိန် ၄၉ဦးနှင့် ဒိန်းမတ်လူမျိုးတစ်ဦးတို့လည်း သေဆုံး

ဝါရှင်တန် စက်တင်ဘာ ၇

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းအင်းများအရ အီရတ်စစ်ပွဲ စတင်ဆင်နွှဲချိန်မှစ၍ စက်တင်ဘာ ၅ ရက်အထိ အီရတ်စစ်မြေပြင်၌ သေဆုံးခဲ့ရသော အမေရိကန်စစ်သား အရေအတွက် စုစုပေါင်းမှာ ၂၈၇ဦး ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။ ဗြိတိန်စစ်ဘက်မှ စစ်သည် ၄၉ဦး သေဆုံးခဲ့ရပြီး ဒိန်းမတ်နိုင်ငံမှ တစ်ဦးသေဆုံးကြောင်း ကြေညာထားသည်။

အမေရိကန်သမ္မတ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲကြီးများ ပြီးဆုံးပြီဖြစ်ကြောင်း မေ ၁ ရက်က ကြေညာခဲ့သည်။ ထိုနေ့နောက်ပိုင်းတွင် အီရတ်၌ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အမေရိကန်စစ်သည် စုစုပေါင်းမှာ ၁၄၉ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က အမေရိကန်အခြေစိုက် ဟာလီဘာတန်ရေနံကုမ္ပဏီကြီး၏ လက်ခွဲ ကယ်လောဂ်ဘရောင်းအင်ရုတ်ကုမ္ပဏီမှ အရပ်ဘက် ကန်ထရိုက်တာတစ်ဦး သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ရကြောင်း ဟာလီဘာတန်ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဝင်ဒီဟောလ်က ပြောကြားခဲ့သည်။ ထိုသတင်းကို စစ်ဘက်က အတည်ပြုချက်ပေးသော်လည်း အသေးစိတ် အချက်အလက်များကိုမူ ပြောကြားခြင်း မရှိပေ။

ဗြိတိသျှ ဖုံးကွယ်မြှုပ်ကျင်းသူသည် ဘဂ္ဂဒက်မြို့မြောက်ဘက်၌ မော်တော်ယာဉ်ဖြင့်သွားနေစဉ် ပစ်ခတ်ခံရသဖြင့် ပြီးခဲ့သော ကြာသပတေးနေ့က သေဆုံးသွားရကြောင်း ဗြိတိသျှအရာရှိများက ပြောကြားကြသည်။ သေဆုံးသွားသူ အီယန်ရီမေးလ်သည် ဗြိတိန်နိုင်ငံအခြေစိုက် မိုင်းအကြံပေးအဖွဲ့တွင် လုပ်ကိုင်နေသူဖြစ်သည်။ ထိုစာရင်းများကို အမေရိကန်စစ်ဘက်က အတည်ပြုထားပြီးဖြစ်သည်။

အင်တာနက်။

ရှာဖွေ

အီရတ်နိုင်ငံတွင် သင်္ကာမကင်းခံရသည့် အိမ်များအား အမေရိကန် တပ်သားများက စီးနင်းဝင်ရောက် ရှာဖွေရာတွင် နေအိမ်အတွင်းမှ အံဆွဲများပါမကျန် ဤသို့ ရှာဖွေခဲ့ကြသည်။ *(ဓာတ်ပုံ-အင်တာနက်)*

စစ်ထွက် စစ်သားအတွက် ဇနီး ရတက်မအေးဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၆

အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသည့် စင်ထရယ် တက္ကဆက်တပ်များအား အစားထိုးမည့် ဖို့ဒ်ဟုဒ် အမှတ်(၁) သံချပ်ကာယန္တရားတပ်မမှ တပ်သား ၂၅၀ သည် သောကြာနေ့ သို့မဟုတ် စနေနေ့တွင် အီရတ်သို့ ထွက်ခွာသွားကြမည်။ ၎င်းတို့သည် အမှတ် (၁၈) လေကြောင်းချီတပ်ကို အထောက်အကူပေးမည်ဖြစ်သည်။

— ရူးသွပ်သွားနိုင် —

ကြာသပတေးနေ့တွင် စစ်ထွက် အမေရိကန်စစ်သားများအား နှုတ်ဆက်ပွဲ ကျင်းပစဉ် စစ်သားတစ်ဦး၏ ဇနီးဖြစ်သူ လင်ဒါပက်က သူ့ခင်ပွန်းမှာ စစ်ထွက်တော့မည်ဖြစ်ကြောင်း၊ သူမအနေဖြင့် အသက်(၂၄)နှစ်ရှိပြီး ကလေးလေးယောက်မိခင်ဖြစ်ကြောင်း၊ သူ့ခင်ပွန်း တိုက်ပွဲတွင် တစ်စုံတစ်ရာဖြစ်လျှင် သူမ ရူးသွပ်သွားနိုင်ကြောင်း၊ သို့သော် သူ့ခင်ပွန်းမှာ စစ်သားဖြစ်ပြီး စစ်သားဘဝကို မြတ်နိုးသူဖြစ်၍ မပြောသာကြောင်း ပြောကြားသည်။

၎င်းတို့သည် တစ်နှစ် သို့မဟုတ် ၁၈ လကြာအောင် အီရတ်၌ တာဝန်ထမ်းကြရမည်ဖြစ်သည်။

အင်တာနက်။

ဘိန်းဖြူ ၅ဒသမ၅ကီလို ဟောင်ကောင်၌ သိမ်းဆည်းမိ

ဟောင်ကောင် စက်တင်ဘာ ၆

ဟောင်ကောင် ရဲတပ်ဖွဲ့သည် ဘိန်းဖြူ ငါးကီလိုကျော်ကို ကြာသပတေးနေ့ နံနက်က သိမ်းဆည်းခဲ့ပြီးနောက် (၅၃)နှစ်အရွယ် အမျိုးသားတစ်ဦးကို မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုဖြင့် ဖမ်းဆီးလိုက်သည်။

သတင်းပေးချက်အရ ဟောင်ကောင် ရဲတပ်ဖွဲ့သည် အဆောက်အအုံတစ်ခုအား ညသန်းခေါင်ယံအချိန်တစ်ဝိုက်တွင် စီးနင်းဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

နံနက် ၁၂ နာရီခွဲကျော်ပြီးနောက် မကြာခင် အဆောက်အအုံတွင်းမှ အမျိုးသားတစ်ဦးထွက်လာရာ ရဲတပ်ဖွဲ့ဝင်များက ၎င်းအား ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုအမျိုးသားထံမှ သင်္ကာမကင်းဖွယ်ရာ ဘိန်းဖြူ အနည်းငယ်ကို တွေ့ရှိခဲ့ရသည်။

ထို့နောက် အဆောက်အအုံတွင်းရှိ အခန်းတစ်ခန်းအား ရဲတပ်ဖွဲ့က ရှာဖွေရာ ဘိန်းဖြူအထုပ် ၁၁ ထုပ်ကို ထပ်မံတွေ့ရှိရသည်။

စုစုပေါင်း အလေးချိန် ၅ ဒသမ ၅ ကီလိုရှိသော ဘိန်းဖြူများသည် ဟောင်ကောင် ဒေါ်လာ ၂ဒသမ၃ သန်းဖိုးရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဥရောပချန်ပီယံ ဘော်လီဘောပြိုင်ပွဲ

စက်တင်ဘာ ၅ ရက်က ဂျာမနီနိုင်ငံတောင်ပိုင်း ကားလ်စ်ရူး၌ ကျင်းပသည့် ဥရောပချန်ပီယံ ဘော်လီဘော ပြိုင်ပွဲတွင် စပိန်အသင်းမှ ကစားသမားတစ်ဦး၏ ရိုက်ချက်ကို ပြင်သစ်အသင်းမှ ကစားသမားနှစ်ဦးက ပိတ်ဆို့နေစဉ်။ (ယင်းပွဲတွင် ပြင်သစ်ကသုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသည်။) *(ဓာတ်ပုံ-အင်တာနက်)*



အာဆီယံနိုင်ငံများမှ ကျောင်းသား ၆၀ တို့အား စင်ကာပူနိုင်ငံက တက္ကသိုလ်ပညာသင်ဆုချီးမြှင့်

စင်ကာပူ စက်တင်ဘာ ၆

စင်ကာပူပညာသင်ဆုပေးရေး အစီအစဉ်အရ စင်ကာပူအစိုးရသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများမှ ကျောင်းသားများအား တက္ကသိုလ်ပညာသင်ဆု ၆၀ ကို သောကြာနေ့က ချီးမြှင့်လိုက်သည်။

သင်ယူမည်

ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ တက္ကသိုလ်ပညာသင်ဆု ရရှိသူများသည် စင်ကာပူအမျိုးသားတက္ကသိုလ်၊ နန်ယန်းနည်းပညာတက္ကသိုလ်နှင့် ပထမဆုံးအကြိမ်အဖြစ် စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်တို့တွင် လာမည့်သုံးနှစ်မှ လေးနှစ်အထိ ပညာသင်ယူကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အရ ပညာသင်ဆု ရရှိသူများသည် ၎င်းတို့အနေဖြင့် အမိတိုင်းပြည် ပြန်လည်ရောက်ရှိသည့်အခါ ၎င်းတို့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၌ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်သည့် ပညာရေးကို ရရှိစေမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ထုတ်ပြန်သည့် သတင်းလွှာ၌ ဖော်ပြထားသည်။

အလွန်အရေးပါ

ပညာရေးသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးပါကြောင်း သောကြာနေ့ မွန်းလွဲပိုင်းက ကျင်းပသည့် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲတွင် စင်ကာပူနိုင်ငံခြားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုတွဲဖက်ဝန်ကြီး ရေးမွန့်လင်းက ပြောကြားသည်။

အထောက်အကူပြု

စင်ကာပူ၏ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရခြင်းသည် အာဆီယံဒေသတွင်း၌ လူမှုရေး၊ စီးပွားရေးနှင့် ပြည်သူ့ပိုင်ကဏ္ဍတို့၌ အနာဂတ်ခေါင်းဆောင်များ မွေးထုတ်ပေးရာ၌ အထောက်အကူပြုရန်ဖြစ်ကြောင်း လင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရပ်အဖွဲ့ချုပ်သည် နောင်ကျင်းပမည့် အစည်းအဝေး၌ အာရပ်အဖွဲ့ချုပ်၏ မူဝါဒချမှတ်ရေး အဖွဲ့အစည်းများတွင် အီရတ်နိုင်ငံ၏ ကိုယ်စားပြုရေးကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားနေသည့် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမားမူဆာအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ အဆိုပြုမူကြမ်းဆုံးဖြတ်ချက်ကို ရုရှားပယ်ချ အချိန်ယူ၍ နက်နက်နဲနဲ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ဟုဆို

တပ်ရှိကင့် စက်တင်ဘာ ၇

အီရတ်နိုင်ငံ စစ်ပွဲလွန်ခေတ်တွင် နိုင်ငံတကာမှ ကျယ်ပြန့်သည့် အကူအညီရရှိရန် ကြိုးပမ်းလျက်ရှိသော အမေရိကန်ပြည်ထောင်စုက အဆိုပြုမူကြမ်းဆုံးဖြတ်ချက်အား ရုရှားနိုင်ငံက ပြင်သစ်၊ ဂျာမနီနိုင်ငံများနှင့်အတူ သောကြာနေ့ကပယ်ချလိုက်ပြီး ယင်းဆုံးဖြတ်ချက်ကို နောက်ထပ်အချိန်ယူ၍ နက်နက်နဲနဲ ဆောင်ရွက်ရမည့် အရေးပါသောလုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။

အီရတ်နိုင်ငံ ပြဿနာများဖြေရှင်းရာတွင် ကုလသမဂ္ဂ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် စိုးရိမ်မှုများအား ဖြည့်ဆည်းရေးအတွက် အဆိုပါမူကြမ်းက တစ်နည်းအားဖြင့် အထောက်အကူပြုမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗန်နော့ဗ်က ပြောကြားသည်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယား မွတ်စလင်ဘာသာရေး ခေါင်းဆောင်အယာတိုလာမိုဟာမက် အယ်လ်ဟာခင်မ် သေဆုံးခဲ့ရသော ကားဗုံးပေါက်ကွဲမှုကို ဆန့်ကျင်သောအားဖြင့် စက်တင်ဘာ ၅ ရက်က ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့တွင် ရှီးယားနှင့်ဆန်နီမွတ်စလင်ဘာသာရေးအဖွဲ့ အစည်းများမှ လှုပ်ရှားသူများက အမေရိကန်အလံကို မီးရှို့၍ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထုတ်ဖော်ပြသ

အမေရိကန်အစိုးရက အဆိုပြုသည့် ဆုံးဖြတ်ချက်မူကြမ်းက ဖော်ပြပါ အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီစေရန်ဆောင်ရွက်ရာတွင် အတန်အသင့် တိုးတက်မှုရှိသည်ကို ထုတ်ဖော်ပြသနေကြောင်း ဥဇဘက်ကစ္စတန်တွင် ကျင်းပသည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးတွင် အိုင်ဗန်နော့ဗ်က ပြောကြားသည်။

သို့ရာတွင် ၎င်းဆုံးဖြတ်ချက်မူကြမ်း အခြေခံစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အပြည့်အဝ ကိုယ်စားပြုနိုင်ရမည်ဖြစ်ပြီး အချိန်ယူ ဆောင်ရွက်ရမည့် အရေးပါသောလုပ်ငန်းစဉ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရတ်နိုင်ငံ၏ အခြေအနေသည် နက်နက်ရှိုင်းရှိုင်း ပြဿနာဖြစ်ပွားနေကြောင်း အမှန်တကယ် ဝန်ခံ ထုတ်ဖော်ပြောကြားရန် ၎င်းက တိုက်တွန်းထားသည်။

တစ်စုံတစ်ဦးသည် အလှည့်စားမခံသင့်ကြောင်း၊ အီရတ်နိုင်ငံ၏ အခြေအနေသည် ကောင်းမွန်လာခြင်း မရှိဘဲ နေ့တိုင်းနေ့တိုင်း ဆိုးရွားလျက်ရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသွားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်ကို ကိုယ်စားပြုရေးကိစ္စ အာရပ်အဖွဲ့ချုပ်၌ ဆွေးနွေးမည်

စာအိုဘိုင်အို စက်တင်ဘာ ၆

အာရပ်အဖွဲ့ချုပ်၏ စက်တင်ဘာ ၈ ရက်၌ ပြုလုပ်မည့် အစည်းအဝေး၌ မူဝါဒချမှတ်ရေးအဖွဲ့များတွင် အီရတ်ကိုယ်စားပြုမှုကိစ္စကို အဖွဲ့ဝင် အာရပ်နိုင်ငံများက ဆွေးနွေးကြမည်ဖြစ်ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် အီရတ်နိုင်ငံကို မည်သူကိုယ်စားပြုမည်ဆိုသောကိစ္စကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း အီတလီနိုင်ငံ အရှေ့မြောက်ပိုင်း လိပ်ကိုမိုအပန်းဖြေရိပ်သာ၌ ပြုလုပ်သည့်သတင်းစာရှင်းပွဲတွင် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမားမူဆာက ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ပြင်စက်ရုံ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား လူ ၁၄ ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၆

ဘဂ္ဂဒက်မြို့အပြင်ဘက်ရှိ ပလတ်စတစ်စက်ရုံတွင် ညပိုင်း၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ရာ အီရတ်နိုင်ငံသား ၁၄ ဦးထက်မနည်း သေဆုံးကာ ကျန်လူအများအပြား မမာမကျန်းဖြစ်ပြီး အသက်ရှူကျပ်သည့် ဝေဒနာခံစားနေရကြောင်း မြို့ခံလူများက သောကြာနေ့တွင် ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ မတော်တဆဖြစ်မှု သို့မဟုတ် တစ်စုံတစ်ဦး၏ ဖျက်ဆီးမှုဆိုသည်နှင့် ပတ်သက်၍ မိမိတို့မသိကြောင်း ဘွက်အယ်လ်ရှမ်မြို့မှ ပြောရေးဆိုခွင့်ရှိသူ ရဲတပ်သားတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မြို့ခံလူများက သောကြာနေ့ညတွင် အဆိုပါ ပလတ်စတစ်စက်ရုံမှ ပြင်းထန်သည့် ဓာတုဆေးဝါး အနံ့ရရှိကြောင်း ပြောကြားကြသည်။

၎င်းဒေသခံများ စက်ရုံတွင်း ဝင်ရောက်လာရာ စက်ရုံစောင့်မိသားစုတစ်စုမှ လူများ၏ ပုံပျက်ပန်းပျက် ရုပ်အလောင်းများကို တွေ့ရှိကြခြင်းဖြစ်သည်။

အချို့သော လူများမှာ စက်ရုံအနီးအပါး နေထိုင်သူများဖြစ်ပြီး စက်ရုံပြင်ဘက်တွင် သေဆုံးခြင်းဖြစ်ရာ သေဆုံးသူဦးရေ ၁၄ ဦးထက်မနည်းရှိကြောင်း မျက်မြင်သက်သေများနှင့် ဒေသခံဆေးရုံမှ ဝန်ထမ်းများက ပြောကြားသည်။

တစ်ဒါဇင်ကျော်ရှိသည့် လူများအား နာမကျန်းဖြစ်မှုဖြင့် ဆေးကုသထားရသည် ဆို၏။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်ရေးဆွဲသည့် အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်ဆွေးနွေး လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ ညှိနှိုင်းရန်လိုအပ်

ကုလသမဂ္ဂ စက်တင်ဘာ ၆

အမေရိကန်ရေးဆွဲသည့် အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို စတင်ဆွေးနွေးလျက်ရှိရာ ကုလသမဂ္ဂ အမြဲတမ်းလုံခြုံရေးကောင်စီဝင်ငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယင်းကိစ္စကို အဖြေတစ်ရပ်ရရှိသည်အထိ ချက်ချင်းအပေးအယူလုပ် ညှိနှိုင်းကြရန် လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံအတွက် ငွေကြေးထောက်ပံ့ရေးနှင့် တပ်သားများ ပိုမိုပို့ပေးနိုင်ရန် ရည်မျှော်လျက် အမေရိကန်ပြည်ထောင်စု၏ အဆိုပြုချက်များကို ပထမအကြိမ်အဖြစ် လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ အဖွဲ့ဝင်များသည် အလွတ်သဘောဆွေးနွေးနေစဉ် ကိုဖီအာနန်က ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

စူးစမ်းဆွေးနွေးရန် တိုက်တွန်း

ဖော်ပြပါ အမြဲတမ်းလုံခြုံရေးကောင်စီ ငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများအား မိမိနှင့်တွေ့ဆုံပြီး ဖော်ပြပါ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အားလုံးနှင့်ပတ်သက်သော ဘုံအကြောင်းခြင်းရာနှင့် ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းစဉ်ကို စူးစမ်းဆွေးနွေးကြရန် တိုက်တွန်းထားကြောင်း၊ ယင်းညှိနှိုင်းဆွေးနွေးပွဲသည် မဝေးတော့သည့်အနာဂတ်တွင် ကျင်းပနိုင်မည်ဖြစ်ကြောင်း ကိုဖီအာနန်က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။

ဗီတိုအာဏာကိုင်စွဲထားသည့် ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်ပြည်နှင့် အမေရိကန်ပြည်ထောင်စုတို့က ယင်းကဲ့သို့သော အစည်းအဝေးကျင်းပခဲ့လျှင် ဥရောပဒေသတွင် နောက်ရက်သတ္တပတ်၌ ကျင်းပနိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကော့စတာရီကာ၌ မီးတောင်ပေါက်ကွဲ

ဆန်ဟိုဆေး စက်တင်ဘာ ၆

ကော့စတာရီကာနိုင်ငံ မြို့တော်ဆန်ဟိုဆေး မြောက်ဘက်ကီလိုမီတာ ၁၀၀ ခန့် အကွာတွင်ရှိသည့် အရီနယ်မီးတောင်သည် ချော်ရည်များ၊ မီးခိုးများ၊ ပြာများကို ယမန်နေ့က မှုတ်ထုတ်ခဲ့ရာ နှစ်နှစ်ကျော် ကာလအတွင်း အပြင်းထန်ဆုံး ပေါက်ကွဲမှုဖြစ်သည်။

ရွှေ့ပြောင်းပေးရန်မလိုအပ်

ချော်ရည်များသည် လူနေထူထပ်မှုမရှိသော မြောက်ဘက်နှင့် အနောက်မြောက်ဘက် တောင်စောင်းများမှ စီးဆင်းခဲ့ခြင်းကြောင့် ကယ်ဆယ်ရွှေ့ပြောင်းပေးရန် မလိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။***စီအင်န်အင်န်။***

နိုင်ငံတကာသတင်းများ

အီရတ်ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များဖြည့်ဆည်းရန် အလှူရှင်များ ပိုင်းခြားစိတ်ဖြာ

ကုလသမဂ္ဂ စက်တင်ဘာ ၆

လာမည့်နှစ်တစ်နှစ်တည်းအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် စားနပ်ရိက္ခာဖြန့်ဖြူးရေး ကဏ္ဍများတွင် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလျံနီးပါး အပါအဝင် အီရတ်နိုင်ငံ၏ထူးထူးကဲကဲ လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန်အတွက် အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ပတ်သက်နေကြသည့် အလှူရှင်နိုင်ငံများသည် အဆိုပြုချက်များကို သောကြာနေ့တွင် ပိုင်းခြားစိစစ်နေကြသည်။

စပိန်နိုင်ငံ မဒရစ်မြို့တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ညီလာခံစီမံကိန်းများနှင့် စစ်စရိတ်စကများကိစ္စကို အကူအညီပေးရန် အလှူရှင်နိုင်ငံများက စဉ်းစားဆုံးဖြတ်ကြမည်ဖြစ်သည်။ အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ဘီလျံ ၁၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးကိုအကွက်ချစီစဉ်နိုင်ရန် ကြိုးပမ်းနေသည့် အလှူရှင် အမာခံအုပ်စုအစုအဖွဲ့၏ အလွတ်သဘော လုပ်ငန်းအစည်းအဝေးကို သောကြာနေ့ကကျင်းပရာ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့်အာရပ်စော်ဘွားများနိုင်ငံတို့မှ သံတမန်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များသည် ပညာရေး၊ လျှပ်စစ်ဓာတ်အားပေးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်ရေးဌာန အပါအဝင် ကဏ္ဍ ၁၄ ရပ်တွင်လိုအပ်ချက်များ အကဲဖြတ်စိစစ်ရေးကိစ္စကို အလေးပေး၍ ဆွေးနွေးကြကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ် ဂျူလီယာတက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကိုယ်တွေ့ဝိပဿနာ ရှုပွားနည်း ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၇

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အံ့ကြီး)က စက်တင်ဘာ၈ရက်မှ၁၄ရက်ထိ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရ ရဟန္တာ သိမ်ဖြူတော်ကြီး တွင်လည်းကောင်း၊ စက်တင်ဘာ ၁၅ရက်မှ ၂၁ရက်ထိ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီဓမ္မာရုံကြီး တွင်လည်းကောင်း ညနေ ၆နာရီခွဲမှ ၈နာရီထိ ဝိပဿနာ ရှုပွားနည်းများကို ဟောပြောပို့ချမည် ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

မြို့ခြံမြေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်

ဦးသန်းဦး

(ယမန်နေ့မှအဆက်)

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်
(United Nations Literacy Decade)

ယခု ၂၀၀၃ခုနှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်သော **ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်** စတင်ပေါ်ပေါက်လာရပုံကို ဆက်လက်ပြီး ဆွေးနွေးတင်ပြလိုပါသည်။

ဤဆယ်စုနှစ်ပေါ်ပေါက်လာမှုနှင့်စပ်လျဉ်းသည့် သမိုင်းနောက်ခံကို ဦးစွာပထမ အကျဉ်းအမြွက်မျှ တင်ပြဖို့လိုလိမ့်မည်ဖြစ်ပါသည်။

လူတိုင်းအတွက်ပညာရေး

လွန်ခဲ့သော နှစ်ဆယ်ရာစု (20th Centuery)အတွင်းက ဖြစ်ပါသည်။ နှစ်ဆယ်ရာစုမကုန်ဆုံးမီ ဆယ်နှစ်ခန့်အလိုတွင် ၁၉၉၀ပြည့်နှစ်ကို **နိုင်ငံတကာစာတတ်မြောက်ရေးနှစ်** (International Litercy Year)အဖြစ် သတ်မှတ်ပြီး ထပ်မံတွန်းအားပေးမှု ပြုခဲ့သည်ကို ယခုအခါ ပြန်ပြောင်းလေ့လာ သတိရမိပါသည်။

အဆိုပါ ၁၉၉၀ပြည့်နှစ်တွင်ပင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ **လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး** (World Conference on Education for All)တစ်ရပ်ကို ယူအန်ဒီပီ၊ ယူနက်စကို၊ ယူနီဆက်ဖ်နှင့် ကမ္ဘာ့ဘဏ် အဖွဲ့လေးဖွဲ့က စုစည်းဦးဆောင်ကြီးမှူး၍ ၁၉၉၀ပြည့်နှစ် မတ်လ ၅ရက်နေ့မှ ၉ရက်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပဖြစ်ခဲ့ရာ ၁၅၅နိုင်ငံမှ အစိုးရအဖွဲ့အစည်း ကိုယ်စားလှယ် များနှင့် အစိုးရအဖွဲ့အစည်း မဟုတ်သည့် ကိုယ်စားလှယ်များ အပါအဝင် တက်ရောက်ခဲ့သူ ကိုယ်စားလှယ်ပေါင်း ၁၅၀၀တို့က **လူတိုင်းအတွက် ပညာရေး ဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း** (World Declaration on Education for All)ကို ညှိနှိုင်းဆွေးနွေး အတည်ပြုပြီး ထုတ်ပြန်ကြေညာခဲ့ကြပါသည်။ ထိုကြေညာချက်သည် လူတိုင်းအတွက် ပညာရေးသမိုင်းတွင် သမိုင်းဝင်ကြေညာချက် တစ်ရပ်အဖြစ် တည်ရှိနေပါသည်။

ထိုကြေညာစာတမ်းကြီးတွင် လူတိုင်းအတွက် ပညာသက္ကရာဇ်နှစ်ထောင်မှာ (Education for All By The Year 2000) ဟူသော ဆောင်ပုဒ်နှင့်အညီ လူတိုင်းအတွက် ပညာရေးလုပ်ငန်း အစီအမံ အရပ်ရပ်၌ လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းကိုပါ တစ်ပါတည်း တစ်ခန်းတစ်ကဏ္ဍ အနေဖြင့် ထည့်သွင်း လျာထားသတ်မှတ် ချမှတ်ခဲ့ကြသည်ကို လေ့လာ တွေ့ရှိမှတ်သားရပါသည်။

ဖော်ပြပါ **လူတိုင်းအတွက်ပညာရေး** (EFA)သည် လူတိုင်းလူတိုင်း အခြေခံအားဖြင့် ရရှိစေရမည့် ပညာရေးကို အခြေခံပညာ (မူလတန်းအဆင့် အနည်းဆုံး)ဖြစ်ရမည်ဟူ၍ မျှော်မှန်းဆောင်ရွက်သွားရန် လျာထားပါသည်။

ဖော်ပြပါ **လူတိုင်းအတွက်ပညာရေး** (EFA)၌ ပါရှိသည့် လူတိုင်းလူတိုင်း အခြေခံအားဖြင့် ရရှိစေရမည့် စာတတ်မြောက်ရေး သက်ကြီး စာတတ်မြောက်မှုကိုမူ ၁၉၉၀ပြည့်နှစ် စာမတတ်မြောက်မှု ၂၂ရာခိုင်နှုန်းမှ တစ်ဝက် ၁၁ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးကို မျှော်မှန်းဆောင်ရွက်သွားရန် လျာထားပါသည်။

ပြဆိုခဲ့သော လူတိုင်းအတွက် ပညာရေးအစီအမံ၌ ပါရှိသည့်ပညာရေး မျှော်မှန်းချက် နှစ်ရပ်စလုံးသည် စင်စစ်အားဖြင့် ရည်မှန်းထားချက်အတိုင်း ၂၀၀၀ပြည့်နှစ် ကုန်ဆုံးချိန်၌ မရရှိ၊ မရောက်ရှိခဲ့ကြပါ။ အပြည့်အဝ အကောင်အထည်မပေါ်ခဲ့ကြပါ။

လူတိုင်းအတွက် စာတတ်မြောက်ရေး

သို့ဖြစ်၍ အာဖရိကတိုက် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ၂၀၀၀ ပြည့်နှစ် ဧပြီလ ၂၆ရက်နေ့မှ ၂၈ ရက်နေ့ထိ သုံးသုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် **ကမ္ဘာ့ပညာရေး ညီလာခံကြီး** (World Education Forum) တစ်ရပ်ကို ခေါ်ယူကာ ဖော်ပြပါ **လူတိုင်းအတွက်ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ ကြေညာစာတမ်း** (ဂျွန်တီယံ ၁၉၉၀)ကို ပြန်လည်ဆန်းစစ် သုံးသပ်ခဲ့ကြ၍ ပြန်လည်ညှိနှိုင်းခဲ့ကြပြီးနောက် **လူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်း အညွှန်းဘောင်** (Education For All; Dakar Frame Work For Action) ကို ထပ်မံဆွေးနွေးညှိနှိုင်းသတ်မှတ် ချမှတ်ခဲ့ကြရပြန်ပါသည်။

ထိုလူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်း အညွှန်းဘောင်တွင် ရည်မှန်းချက် ခြောက်ရပ် (The Six Goals of Dakar) ချမှတ်ပါရှိလာရာ၎င်း ခြောက်ရပ်အနက် **လူတိုင်းအတွက် စာတတ်မြောက်ရေး** (Literacy For All) နှင့်စပ်လျဉ်း၍

-စတုတ္ထရည်မှန်းချက်အနေဖြင့်-

အရွယ်ရောက်ပြီးသူများ (အထူးသဖြင့်အမျိုးသမီးများ)၏ စာတတ် မြောက်မှု အဆင့်အတန်းကို ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် အရွယ်ရောက်ပြီးသူတိုင်းအတွက် အခြေခံပညာနှင့် စဉ်ဆက်မပြတ် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ တန်းတူညီမျှရရှိစေရေး ဟူသော ရည်မှန်းချက်တစ်ရပ် သတ်သတ်မှတ်မှတ် ပါရှိလာပါသည်။

ဤရည်မှန်းချက်အမှတ် (၄)ကို ကျွန်ုပ်တို့အောင်မြင်ပေါက်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရာ၌ လူတိုင်းအတွက် စာတတ်မြောက် စေရေး ရည်မှန်းချက်ကို အခြား ဒါကာ ရည်မှန်းချက် ငါးရပ်စလုံး၏ ဗဟိုချက်မအဖြစ် သတ်မှတ်ကာ (It is central to the other five goals of Dakar Frame Work For Action) အဆက်အစပ်ရှိရှိဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤအခြေအနေနှင့် ဤအခြင်းအရာကို ကောင်းစွာသဘောပေါက် လက်ခံကြပါသဖြင့် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော **ကုလသမဂ္ဂ အထွေထွေညီလာခံကြီး** (General Assembly of The United Nations) က ဆုံးဖြတ်ချက် ၅၆/၁၁၆ ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို **ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်** (A United Nations Literacy Decade: Education For All) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဤဆယ်စုနှစ်ကာလအတွင်း

(က) လူတိုင်းအတွက် စာတတ်မြောက်ရေးကို လူတိုင်းအတွက် အခြေခံ ပညာရေး၏ ဗဟိုချက်မအဖြစ် အလေးအနက် ခံယူထားလျက် Literacy for all is at the heart of basic education for all အချက်ကျကျ အကွက်မိမိရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်

(ခ) လူတိုင်းအတွက် စာတတ်မြောက်ရေးကိုလည်း ဘဝတစ်သက်တာ အစဉ်သင်ယူမှု၏ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် (Literacy for all is the foundation for life long learning)ကောင်းစွာခံယူပြီး အချက်ကျကျ အကွက်မိမိရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပြုသွားကြရန်ပင်ဖြစ်ပါသည်။

အချုပ်သဘောအားဖြင့် ဖော်ပြရပါမူ လူတိုင်းအတွက် ပညာရေး Education for All ၏ ဗဟိုချက်မအခြေခံသည် လူတိုင်းအတွက် စာတတ်မြောက်ရေး Lirteracy for ပင်ဖြစ်ကြောင်း ကောင်းစွာနှစ်နှစ် ခြိုက်ခြိုက် သဘောပေါက်လက်ခံပြီး ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ကြရာ၌ စာတတ်မြောက်ရေး၏ သဘောအနက် အဓိပ္ပာယ်ကို ဖွင့်ဆိုကြရာတွင် အခြေခံစာတတ်မြောက်ရေး (Basic Literacy) တွင်အခြေခံပညာ၏ အရင်းခံဖြစ်သော 'အရေး' 'အဖတ်' 'အတွက်' 'အ'သုံးလုံးကျေရေး(Literacy and Numeracy: able to read, able to Write and able to count)မှအခြေပြု အစပြုလျက် လုပ်ငန်း အကျိုး ပြု၊ ဘဝအကျိုးပြု စာတတ်မြောက်ရေး(Functional Literacy)သို့ တက်လှမ်းပြီးလျှင် ဘဝတစ်သက်တာ ဆက်လက်သင်ယူ ဆည်းပူးသွားမှု ပညာရေး (Continuing Education)အထိ အကျုံးဝင်ပါရှိအောင် ဖွင့်ဆိုပြီး သကာလ စာတတ်မြောက်ရေးလုပ်ငန်းကို စနစ်တကျ ချမှတ်အကောင်အထည် ဖော်ဆောင်သွားကြရမည့် သဘောပင်ဖြစ်ပါသည်။

ယခု ၂၀၀၃ မှ ၂၀၁၂ ဆယ်စုနှစ်အတွင်း ဆောင်ရွက်အကောင်အထည် ဖော်ကြရမည့် Education For All မှ Literacy For All ၏ လိုရင်းသဘောသရုပ် အဓိပ္ပာယ်အမှန်ကို ကျွန်ုပ်တို့ ကောင်းစွာ သိရှိကြပြီးလျှင် ထိုသို့ သိရှိကြသည့်အတိုင်း မဖြစ်မနေ၊ မရမနေ ဇွဲရှိရှိဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှု အစဉ်အလာကောင်းနှင့် သမိုင်းလမ်းကြောင်းကောင်းရှိထားပြီးဖြစ်သည်နှင့်အညီ အမျိုးသားရေး အသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးတာဝန်အရ **လူတိုင်းအတွက်ပညာရေး**နှင့်**လူတိုင်း အတွက်စာတတ်မြောက်ရေး**ကို သဘောအနှစ်သာရ အဓိပ္ပာယ်ရှိရှိ အချိတ်အဆက်မိမိဖြင့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းနေဖြစ်စေရေး၊ ကျောင်းပညာပြီးဆုံးအောင် ကျောင်းနေမှန်၊ ကျောင်းနေမြဲစေရေးတို့မှ အစပြုကာ ကျောင်းနေအရွယ်လွန်များကိုလည်း အခြေခံစာတတ်မြောက်စေရေး၊ ထိုမှတစ်ဆင့်တက်၍ လုပ်ငန်းအကျိုးပြု၊ ဘဝအကျိုးပြု စာတတ်မြောက်စေရေး၊ စဉ်ဆက်ပညာ ဆည်းပူး သွားစေရေးတို့ကို အနှစ်သုံးဆယ် နှစ်ရှည်ပညာရေး စီမံကိန်း၌ ပါရှိသည့်အတိုင်း လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ပင်ဖြစ်ပါကြောင်း။

မောင်ဟန်ဝင်း (ထန်တပင်)၏ -

တစ်တိုင်ဆီမီး
ထွန်းညှိပြီးကာ
ဆီမီးထောင်ရာ
ပွားများပါ။ ။

ဟူသော ကဗျာပါလမ်းညွှန်ချက်အတိုင်း ပညာအလင်းဖြန့်ဖြူးခြင်း ပြုဖြစ်ရေးကို ဤနိုင်ငံတကာ စာတက်မြောက်ရေးနေ့၌ အလေးအနက် ဖော်ပြတိုက်တွန်းရင်း ဤဆွေးနွေး တင်ပြချက်ကို အဆုံးသတ်လိုက်ရပါသတည်း။ ။

ပညာဝတီရိပ်သာကျောင်းတိုက်ပန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ဣန္ဒာသယဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား နှစ်စဉ်ပူဇော်မြဲဖြစ်သော ပန်းပေါင်း ၈၄၀၀၀တို့ဖြင့် ကျေးဇူးရှင် ပညာဝတီဆရာတော်ကြီး ရှိစဉ်ကကဲ့သို့ ဆက်လက်ပြီး ပန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာတော်ကြီး၏ ရဟန်း၊ ကျောင်း၊ ဘုရား၊ ဒါယကာ၊ ဒါယိကာမများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအားလုံးစုပေါင်း၍ (၂၅)ကြိမ်မြောက် ငွေရတု မင်္ဂလာပန်းပေါင်း ၈၄၀၀၀တို့ဖြင့် တော်သလင်းလပြည့်နေ့ အရဏ်တက်တွင် ဆက်ကပ်ပူဇော်မည်ဖြစ်ရာ ၁၃၆၅ခုနှစ် တော်သလင်းလဆန်း၁၄ ရက် (စက်တင်ဘာ ၉ရက်) အင်္ဂါနေ့ ညနေ၃နာရီမှ ည ၈နာရီထိ မည်သူမဆို လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သုရဒ္ဓမဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၃ခုနှစ် အောက်တိုဘာလထုတ် အတွဲ(၃)၊ အမှတ်(၁၀) သုရဒ္ဓမဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိ လိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ မျိုးချစ်တပ်မတော်
၄း၅၅	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) တတိယနှစ်(အရှေ့တိုင်းပညာ) (ခ) ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅း၃၀	၁၀။ မြဝတီမဂ္ဂဇင်းကဏ္ဍ
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၇။ မြန်မာ့လက်သီး
၇း၀၀	၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၁၁)**
၈း၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၂၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ယဉ်ကျေးလိမ္မာတရားတော်ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၇

တောင်စွန်းဓမ္မဒူတ ဆရာတော်ကြီး၏ တပည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန ကထိကဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ အရှင်သူမြတ်သည် စက်တင်ဘာ ၈ ရက်နံနက် ၉ နာရီခွဲတွင် အထက (၂) ဗိုလ်တထောင်မြို့နယ်တွင် လည်းကောင်း၊ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် အထက (၄) အလုံမြို့နယ်တွင် လည်းကောင်း ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် ယဉ်ကျေးလိမ္မာကလေးတရားပွဲတွင် တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံအပေါ်အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုဟာဘယ်လိုသက်ရောက်မလဲ (၆)

အောင်မိုးစံ

ဒီကနေ့ တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး (အရင်းရှင်စနစ်)သို့ သူ့ထက်ငါ ဦးတည်ပြောင်းလဲလာကြပါတယ်။ အရင်းရှင်စနစ် ထူထောင်မှတိုးတက်မယ်၊ အရင်းရှင်စနစ်မထူထောင်ရင် ကျဆုံးမယ်ဆိုတဲ့ ခေတ်ရေစီးကြောင်းအပေါ် ကိုယ်ပိုင်သဘောပေါက်ချက်များနဲ့ ပြောင်းလဲလာကြတာဖြစ်ပါတယ်။ အဲဒီလိုဖွံ့ဖြိုးဆဲနိုင်ငံများ၊ ခေတ်ဟောင်း ဆိုရှယ်လစ်နိုင်ငံများက အရင်းရှင်စနစ်ထူထောင်ရေးသို့ ပြောင်းလဲလာနေချိန်တွင် အမေရိကန်နဲ့အပေါင်းပါ အရင်းရှင်နိုင်ငံကြီးတွေမှာ အရင်းရှင်စနစ် ချေမှုန်းခံနေရပါတယ်။ ဒီနိုင်ငံတွေမှာ ကြီးစိုးနေတဲ့ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးမြေရှင်စနစ်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးတွင်လည်း အတားအဆီး၊ အဟန့်အတားတွေ ဖြစ်ပေါ်လာနေပါတယ်။

ဒီကနေ့ အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါနိုင်ငံတွေကို လူတွေကအရင်းရှင်နိုင်ငံ၊ အရင်းရှင်ဒီမိုကရေစီနိုင်ငံလို့မြင်နေ၊ ခေါ်နေကြပါတယ်။ အပြင်ဗန်းကြည့်ရင် အဲဒီလိုမြင်စရာ၊ ခေါ်စရာရှိပေမယ့် အနှစ်သာရအားဖြင့် ဒီနိုင်ငံတွေမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး အရေခြုံထားတဲ့ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ်ကြီးစိုးနေတာဖြစ်ပါတယ်။ အရင်းရှင်စနစ် အဖျက်ဆီးခံနေရတာ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်က အမေရိကန်တစ်နိုင်ငံတည်း ပြိုလဲကုန်မယ့် ကုမ္ပဏီစာရင်း ၃၄ ခု တန်းစီထားခဲ့တယ်။ ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဓာတ်ကျသွားနိုင်တဲ့အတွက် အမည်ဖော်မပြောဘဲထားခဲ့တယ်လို့ဆိုပါတယ်။ ၂၀၀၁ ခုနှစ်ကလည်း ပြိုလဲကုန်ခဲ့တဲ့ကုမ္ပဏီပေါင်း အမေရိကားမှာ ၆၀ လောက်ရှိခဲ့တယ်လို့ဆိုပါတယ်။ အခု ၂၀၀၃ ခုနှစ်မှာလည်း ပြိုလဲကုန်မယ့် ကုမ္ပဏီတွေ တန်းစီနေသေးတယ်လို့ ဆိုပါတယ်။

ကမ္ဘာမှာအမှန်တကယ် အရင်းရှင်စနစ်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းသာ ဖြစ်ပေါ်လာမယ်ဆိုရင် (၁) နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှု၊ (၂) သတင်းဆက်သွယ်ရေး နည်းပညာ လျင်မြန်စွာကျယ်ပြန့်တိုးတက်လာမှု၊ (၃) ပြည်တွင်းစီးပွားနဲ့နိုင်ငံစီးပွားရေး၊ ဒေသဆိုင်ရာစီးပွားရေးတို့အပေါ် လွှတ်လပ်တဲ့ဈေးကွက်စနစ်ကျင့်သုံးဖို့ တွန်းအားတွေ အရှိန်အဟုန်နဲ့ ရိုက်ခတ်လာမှုများ ဖြစ်လာမယ်လို့ ပညာရှင်အချို့က ဆိုပါတယ်။ ဒီကနေ့လို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ အစိုးရတွေရဲ့ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ် ဂလိုဘယ်လိုက်ဇေးရှင်း(ခေါ်) ကမ္ဘာနဲ့အဝှန်း လွှမ်းခြုံဆက်စပ်မှု ဖြစ်စဉ်ကျတော့ (၁) နိုင်ငံတကာအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု၊ စစ်အင်အားသုံး ဗိုလ်ကျစိုးမိုးလိုမှု၊ (၂) ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (နည်းပညာလက်သီးဆုပ်ဝါဒ)တွေကျင့်သုံးမှု၊ (၃) ပြည်တွင်းပြည်ပ အရင်းရှင်စနစ်ချေမှုန်းရေးနဲ့ လူ့အဖွဲ့အစည်း စီးပွားပျက်ပြား ကျဆင်းရေးတွေသာ ဖန်းတီးလာပါတယ်။ ဒီအန္တရာယ်ဆိုးကြီးကြောင့် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါများ သြဇာကြီးစိုးတဲ့ ကမ္ဘာ့ငွေရေးကြေးရေး၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းကြီးများရဲ့ ဆွေးနွေးပွဲတွေမှာ အရင်းရှင်စနစ်ဆန့်ကျင်ရေး၊ ဂလိုဘယ်လိုက်ဇေးရှင်း ဆန့်ကျင်ရေးဆန္ဒပြပွဲများ နှစ်စဉ်ပေါ်ပေါက်ကြီးထွားလာနေတာကို အခုလို တွေ့ရပါတယ်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ပြည်ထောင်စု ဆီယက်တယ်မြို့မှာကျင်းပတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အစည်းအဝေးကို ဆန္ဒပြသူ ၄၀၀၀၀ ခန့် တက်ရောက်ဆန္ဒပြခဲ့ကြတယ်။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲမှာ ကန့်ကွက်ဆန္ဒပြမှု အကြီးအကျယ်ဖြစ်ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ် ဧပြီလတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့မှာ ကျင်းပတဲ့ ကမ္ဘာ့ဘဏ်နဲ့ အိုင်အမ်အက်ဖ် ပူးတွဲအစည်းအဝေးကို ပိတ်ဆို့ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားတဲ့အတွက် ဆွေးနွေးပွဲကြီး နှောင့်နှေးကြန့်ကြာခဲ့တယ်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ချက်သမ္မတနိုင်ငံ ပရာဟာမြို့တွင် ကမ္ဘာ့ဘဏ်နဲ့ အိုင်အမ်အက်ဖ် ပူးတွဲနှစ်ပတ်လည် အစည်းအဝေး ကျင်းပစဉ်ကန့်ကွက်ဆန္ဒပြသူပေါင်း ၁၂၀၀၀ ရှိပြီး လုံခြုံရေးအစောင့်များနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ် ညီလာခံသို့ ကိုယ်စားလှယ်များ မတက်ရောက်နိုင်စေရန် ကန့်ကွက်ဆန္ဒပြသူများက ဟန့်တားပိတ်ဆို့ခဲ့ကြပါတယ်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းအပန်းဖြေမြို့ဖြစ်တဲ့ နိုက်စ်မှာ ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးကို နှောင့်ယှက်ဟန့်တားသည့် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်နှင့် ဇူးရစ်မြို့တွင် ကမ္ဘာ့စီးပွားရေးဖိုရမ် (ဒဗလျူအီးအက်ဖ်)အစည်းအဝေးကို ပိတ်ဆို့ဟန့်တားကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၀၁ ခုနှစ် ဧပြီလတွင် ကနေဒါနိုင်ငံ ကွိဘက်စီးတီးတွင် ကျင်းပခဲ့သော အမေရိကန်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲမှာ ကန့်ကွက်ဆန္ဒပြမှုများဟာ မင်းမဲ့စရိုက်ဆန်ပြီး အကြမ်းဖက်လာတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများနဲ့ မီးသတ်ပိုက်များသုံးကာ လူစုခွဲခဲ့ရပါတယ်။

၂၀၀၁ ခုနှစ် ဇွန်လတွင် ကန့်ကွက်ဆန္ဒပြသူများ အကျပ်ကိုင်မှုကြောင့် စပိန်နိုင်ငံဘာစီလိုနာမြို့တွင် ကျင်းပဖို့ရှိတဲ့ ကမ္ဘာ့ဘဏ်အစည်းအဝေးကို ဖျက်သိမ်းခဲ့ရပါတယ်။

၂၀၀၁ ခုနှစ် ဇွန်လတွင် ဆွီဒင်နိုင်ငံ ဂိုတင်ဘတ်ဆိပ်ကမ်းမြို့မှာ ဥရောပသမဂ္ဂထိပ်သီး အစည်းအဝေး ကျင်းပနေစဉ် ကန့်ကွက်ဆန္ဒပြသူ ၄၀၀၀ ခန့်က ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြခဲ့သော်လည်း မျက်နှာဖုံးစွပ်ထားတဲ့ မင်းမဲ့စရိုက်ဝါဒီများက ကျောက်တုံး၊ ကျောက်ခဲများ ပစ်ပေါက်ပြီး အကြမ်းဖက်တဲ့အတွက် သွေးမြေကျခဲ့ရပါတယ်။

၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ကမ္ဘာ့စီးပွားရေးဖိုရမ် (ဒဗလျူအီးအက်ဖ်) ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မှာ ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကျင်းပတာ (၃၂)နှစ် သက်တမ်းရှိခဲ့ပြီဖြစ်သော်လည်း ဒီတစ်ကြိမ်မှာပဲ နယူးယောက်မြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ရတယ်။ အဲဒီမှာလည်း ကန့်ကွက်ဆန္ဒပြသူ ၃၀၀၀ လောက်ရှိပြီး အစည်းအဝေးတက်ရောက်သူများ အစစအရာရာ စိုးရိမ်ပူပန်မှုတွေနဲ့ မရွှင်မပျဖြစ်ခဲ့ရတယ်။ ဒီဆွေးနွေးပွဲတွင် တက်ရောက်လာသူ အတော်များများဟာ အမေရိကန်နိုင်ငံအပေါ် ဝေဖန်ခဲ့ကြတယ်။ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံတွေက ဆင်းရဲပြီး မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေကို လက်တွဲခေါ်ဖို့ ပျက်ခဲ့တဲ့အတွက် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံတွေကို အပြစ်တင်ခဲ့ကြတယ်။ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံတွေရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုကိုလည်း လက်ညှိုးထိုးပြောဆိုခဲ့ကြတယ်။

အမှန်တော့ ဒီဆန္ဒပြပွဲတွေဟာ အရင်းရှင်စနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ရေးအတွက် လုံးဝမဟုတ်ပါ။ စက်မှုအရင်းရှင် နိုင်ငံကြီးတွေမှာ ပေါ်ပေါက်နေတဲ့ မြေရှင်စနစ်ဆိုးအပေါ် အရင်းရှင်စနစ်လို့ မှတ်ထင်ဆန္ဒပြမှုများသာဖြစ်ပါတယ်။ မြေရှင်စနစ် ဆန့်ကျင်ဆန္ဒပြပွဲသာဖြစ်ပါတယ်။ မြေရှင်စနစ်ကြီးစိုးနေသမျှ နောင်လည်း ဆန္ဒပြမှုတွေ ဆက်လက်ပေါ်ပေါက်နေမယ်ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြည်တွင်း အရင်းရှင်လူ့အခွင့်အရေးတွေအပေါ် ချိုးဖောက်ကျူးလွန်နေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စု အစိုးရတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးအပေါ်လည်း ဘယ်လိုမှ ရှေ့ဆောင်လမ်းပြနိုင်မယ်မဟုတ်ပါ။ အခုလို မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရရဲ့ တင်းကျပ်စွာ ပိတ်ဆို့အရေးယူမှုဟာလည်း နိုင်ငံတကာလက်ဝါးကြီး အုပ်ဗိုလ်ကျစိုးမိုးရေး၊ မြေရှင်စနစ်ဆန့်ကျင်ရေးတွင် မြန်မာနိုင်ငံပါဝင်လာဖို့ အချက်ပြခေါင်းလောင်းထိုးလိုက်သလိုသာ သက်ရောက်တယ်ဆိုတာ တင်ပြအပ်ပါတယ်။ ။

☆ စာမျက်နှာ ၂ သဝဏ်လွှာမှအဆက်

အနီးကပ်လေ့လာကြည့်လျှင် စာတတ်မြောက်ရေးလုပ်ငန်းသည် ရှုပ်ထွေးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရပါမည်။ ဤလုပ်ငန်းအကြောင်း လေ့လာစရာများစွာ ကျန်ပါသေးသည်။ ကွဲပြားခြားနားသော စံတိုင်းတာသတ်မှတ်မှုများကို အသုံးပြုကြခြင်းနှင့် စိန်ခေါ်မှုအမျိုးမျိုးရှိနေသော အနေအထားများကြောင့် စာမတတ်မြောက်မှုပြဿနာ၏ အကျယ်အဝန်းနှင့် စရိုက်လက္ခဏာတို့မှာ ရှုပ်ထွေးနေပါသည်။ ဥပမာ–အခွင့်အလမ်းမသာသဖြင့် စာမတတ်မြောက်မှု အကြွင်းအကျန်များ ရှိနေသည်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖြေရှင်းမှုရှိကောင်းမှ ရှိပေလိမ့်မည်။ ထို့ပြင် ဖွံ့ဖြိုးသောနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများစွာတို့တွင် ကျောင်းနေနှုန်းဖြင့် စာရေးသားနိုင်မှုအဆင့်ကို မဆုံးဖြတ်နိုင်ပါ။ လူတိုင်းအတွက် ပညာရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှုတစ်ရပ်အဖြစ် ယူနက်စကိုနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများသည် လူတို့နေ့စဉ်ဘဝတွင် အမှန်တကယ်အသုံးပြုမည့် စာတတ်မြောက်မှုကို အကဲဖြတ်နိုင်သော ချဉ်းကပ်မှုအသစ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လူတို့၏ စာတတ်မြောက်မှု အဆင့်များကို ဖော်ထုတ်လာနိုင်မည်ဖြစ်ပါသည်။

ယခုနှစ်သည် စာတတ်မြောက်ရေးအတွက် အရေးပါသောနှစ် ဖြစ်ပါသည်။ ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် (၂၀၀၃–၂၀၁၂)သည် ဖေဖော်ဝါရီလကပင် စတင်ခဲ့ပြီးဖြစ်ပါသည်။ ဤဆယ်စုနှစ်၌ စိန်ခေါ်မှုများရှိနေပါသည်။ ထိုစိန်ခေါ်မှုများတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို တစ်မူထူးခြားစွာ ဆောင်ရွက်ရေး၊ စာတတ်မြောက်ရေးအခွင့်အလမ်းများကို နည်းလမ်းအသစ်များဖြင့်ပေးရေးနှင့် အခွင့်အလမ်းမရရှိခဲ့သူများ ပါဝင်ခွင့်ရအောင် ဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်မတိုင်မီ တစ်ကမ္ဘာလုံးဆိုင်ရာ စာတတ်မြောက်မှုအဆင့်များကို ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရေးသည်လည်း ဤဆယ်စုနှစ်၏ စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

အစိုးရများ၊ ပြည်သူလူထုနှင့် နိုင်ငံတကာလူ့အဖွဲ့အစည်းတို့က ဤစိန်ခေါ်မှုများ အရေးကြီးကြောင်းနှင့် ယင်းတို့ကို အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း သဘောတူညီကြပါသည်။ ဤစိန်ခေါ်မှုများကို ပြဿနာအဖြစ် မမှတ်ယူကြပါ။ စာတတ်မြောက်ရေးကို ပညာသင်ယူခွင့်ဆိုင်ရာ အခြေခံလူ့အခွင့်အရေး တစ်ရပ်အဖြစ် သဘောတူညီကြပါသည်။ ဤသဘောတူညီချက်များကို လက်တွေ့ဖော်ဆောင်ရာ၌ ဦးစားပေးမှု၊ ရသုံးငွေစာရင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးသည်သာ ပြဿနာဖြစ်ပါသည်။ စာမတတ်မြောက်သူ သန်းပေါင်း ၈၀၀ ကျော်က စောင့်မျှော်နေကြပါသည်။ ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အရှိန်အဟုန် ရလာသည်နှင့်အမျှ ဤပြဿနာကို ကောင်းစွာရင်ဆိုင်ဖြေရှင်းကြပါစို့။ ။

ကိုအီချီရို မတ်ဆူရာ။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတွင် အာဟာရနှင့် အားဆေးများတိုက်ကျွေးခြင်း၊ ကျန်းမာရေး ပညာပေးဟောပြောခြင်း အခမ်းအနားကို စက်တင်ဘာ ၅ရက်က ကျင်းပရာ ကလေးငယ်များအား အသင်းခွဲဥက္ကဋ္ဌ ဒေါ်ကြင်လင်းနှင့်အမှုဆောင်များက အားဆေးများတိုက်ကျွေးစဉ်။ (က–ပ)

ပိဋကစာရ (ဆွမ်းဝတ်) ကျင့်သုံးခြင်း

ရန်ကုန် စက်တင်ဘာ ၇

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ အမှူးပြုလျက် မဟာဌာနမှူးဆရာတော်များ၊ ပါမောက္ခ ဆရာတော်များ၊ ကထိကဆရာတော်နှင့် နည်းပြဆရာတော်များ ဦးစီးလျက် ပြည်ပနိုင်ငံပေါင်း ၁၅ နိုင်ငံမှ သင်တန်းသားရဟန်းတော် အပါး ၉၀ သည် မြတ်စွာဘုရားရှင်ချမှတ်တော်မူသော ထေရဝါဒကျင့်စဉ်ဖြစ်သည့် ပိဏ္ဍစာရ (ဆွမ်းဝတ်) ကျင့်သုံးခြင်းကို အလုံမြို့နယ် ဇေတနာရာမပရိယတ္တိစာသင်တိုက်တွင် နံနက်အရုဏ်ဆွမ်းကပ်ပြီး စက်တင်ဘာ ၁၂ ရက်တွင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်နှင့် အရှေ့ရပ်ကွက်၊ စက်တင်ဘာ ၁၃ ရက်တွင် တောင်ပိုင်းရပ်ကွက်နှင့် ဌာနာရပ်ကွက်များသို့ ကြွရောက်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

သတင်းတပ်ဖွဲ့ ဗီတာမင်'အေ'ဆေး တိုက်ကျွေး

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေးခြင်း အခမ်းအနားကို မရမ်းကုန်းမြို့နယ် အောင်သပြေရဲရိပ်သာ၌ စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင်ကျင်းပရာ အခမ်းအနားသို့ သတင်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လတ်နှင့် ရဲအရာရှိကြီးများ၊ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်လှမြင့်နှင့် အမှုဆောင်များက တပ်ဖွဲ့ဝင်မိသားစုများ၏ အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးပေါင်း ၇၅ဦးတို့အား ဗီတာမင်'အေ'ဆေးများ တိုက်ကျွေးခဲ့ပြီး ကလေးငယ်များအား အာဟာရတိုက်ကျွေး၍ မုန့်ထုပ်များ လက်ဆောင်ပေးအပ်ကာ အခမ်းအနား ရုပ်သိမ်းလိုက်သည်။ (က–ပ)

နေဦးလွင်၏ မှုခင်းဝတ္ထု

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်း အမှတ် (၅၅–အီး) စိုးစာပေမှ ထုတ်ဝေသော နေဦးလွင်၏ ရမ္မက်တဏှာမလွန်သာ၍နှင့် မှုခင်းဝတ္ထုများ စာအုပ်မျက်နှာဖုံး။ (က–ပ)

မူးယစ်ဆေးဝါးစိုက်ပျိုးမှုပပျောက်ရေးနှင့် ဘိန်းစိုက်တောင်သူများ စားဝတ်နေရေးအဆင်ပြေရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုရှိနေသည်ဟု စွပ်စွဲနေသည့်နိုင်ငံကြီးအချို့ ကူညီပံ့ပိုးမှုလုံးဝမရှိ

၂၀၀၃ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယခင်နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၂၄ရာခိုင်နှုန်း လျော့နည်းကျဆင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး(၂/၂၀၀၃)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၇

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃)ကို ယနေ့နံနက် ၉နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးအတွက် အစိုးရအဆက်ဆက်အနေဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် ယခင်ဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းလုပ်ငန်းများကို ထပ်မံအားဖြည့်ပြီး ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှု ရယူဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းများကို စနစ်တကျရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ကြောင်း။

ပူးပေါင်းပါဝင်လာ

ယင်းသို့ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခင်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခဲ့ဘဲ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားရာဒေသများ၌ ယခုအခါတွင် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများဖြစ်ထွန်းလာခဲ့ပြီး တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လာခဲ့သဖြင့် လုပ်ငန်းများမှာ မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် မိမိတို့ဒေသအတွင်း သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်ခဲ့သော ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် လုံးဝပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း။

အားဖြည့်ချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရည်မှန်းချက်များ တိကျခိုင်မာစွာချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်၍ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ (၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းတွင် နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ စီမံကိန်းရည်မှန်းချက်များ ပိုမိုတိုးတက်အောင်မြင်စေရန် ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်မှစတင်ပြီး ပင်မ(၁၅)နှစ် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပန်းတိုင်သစ်စီမံကိန်းကို အားဖြည့်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း။

လူသားချင်းစာနာ

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုတွင် မူးယစ်ဆေးဝါးကုန်သည်များသာ အကျိုးစီးပွားများစွာဖြစ်ထွန်းပြီး ဘိန်းစိုက်ပျိုးသည့် မသိနားမလည် ရိုးသားသည့် တောင်သူများမှာ ဝမ်းရေးအတွက် လုံလောက်ရုံသာ ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပန်းတိုင်သစ် စီမံကိန်းအရ လူသားချင်းစာနာစိတ်ဖြင့် ဘိန်းခင်းများ ဖျက်ဆီးရာတွင် ဘိန်းစိုက်တောင်သူများအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်း၊ နိုင်ငံတော်အစိုးရဌာနများက မြေယာထွန်ယက်ပြုပြင်ပေးခြင်း၊ ဆန်၊ ဆီ၊ ဆား အခြေခံစားကုန်များ အခမဲ့ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာစိတ်ဖြင့် ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေးကိုဖြည့်ဆည်းပေးပြီး ဘိန်းစိုက်တောင်သူများ စိတ်ဓာတ်ပိုင်း ဆိုင်ရာ တိုးတက်ပြောင်းလဲရေးအတွက် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ခနအင်အားဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးနှင့် ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများ ရှိနေပါသည်ဟု လက်ညှိုးထိုးစွပ်စွဲနေကြသည့် နိုင်ငံကြီးအချို့ကမူ အပြစ်တင်စွပ်စွဲမှုများသာပြုလုပ်ပြီး ကူညီပံ့ပိုးမှုများ လုံးဝမရှိခဲ့ကြောင်း။

မသိကျိုးကျွန်ပြု

ဤသို့ မကူညီ မပံ့ပိုးရုံမျှမက မြန်မာနိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း မသိကျိုးကျွန်ပြုနေကြကြောင်း၊ ယင်းသို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်မပြုသော်လည်း မြန်မာနိုင်ငံတော်အနေဖြင့် အမေရိကန်နိုင်ငံနှင့်သော်လည်းကောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့်ပါ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်းတိုင်းတာရေး လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးထွက်ရှိမှု ကျဆင်းလာနေသည်ကို ယင်းအဖွဲ့အစည်းများ၏ အစီရင်ခံစာများတွင် အတိအလင်းဖော်ပြပါရှိလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းပြီး နဝမအကြိမ်မြောက် ဘိန်းအထွက်နှုန်း တိုင်းတာရေး (Opium Yield Survey) လုပ်ငန်းကို ၂၀၀၃ခုနှစ် မတ်လအတွင်းတွင် ဆောင်ရွက်ခဲ့သကဲ့သို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODCနှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို “ဝ”အထူးဒေသ ခြောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)နယ်မြေဒေသက မြို့နယ်စုစုပေါင်း ၅၀၌ ၂၀၀၃ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကွင်းဆင်းကောက်ယူခဲ့ကြောင်း။

လျော့နည်းကျဆင်း

UNODCနှင့် ပူးပေါင်းဆောင်ရွက်သည့် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းအရ မြေပြင်စာရင်းကောက်ယူရရှိမှု အခြေအနေကို သုံးသပ်ကြည့်မည်ဆိုပါက မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ယခင် ၂၀၀၂ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈၁၄၀၀ ဟက်တာရှိပြီး ယခု ၂၀၀၃ခုတွင် ၆၂၂၀၀ဟက်တာရှိခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံး၌ ယခင်နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၂၄ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်သည့်ဓလေ့မှာ ပြည်ပမှတင်သွင်းလာသော နယ်ချဲ့စနစ်၏ ဆိုးမွေအဖြစ်ဆက်ခံခဲ့ရပြီး နယ်စပ်ဒေသတိုင်းရင်းသားတောင်သူများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ်ဖြင့်လည်း နှစ်ပေါင်းရာနှင့်ချီ ခံစားလာခဲ့ရကြောင်း၊ ဘိန်းလုံးဝစိုက်ပျိုးခြင်းမရှိအောင် လူသားချင်းစာနာစိတ်ဖြင့် ပံ့ပိုးစီမံဆောင်ရွက်ရသည့်နေရာတွင် အချိန်တိုအတွင်း ယခုကဲ့သို့ စိုက်ပျိုးမှု လျော့နည်းကျဆင်းလာခြင်းသည် အားရကျေနပ်ဖွယ်ဖြစ်သည့် အောင်မြင်မှုဟု ဆိုရမှာဖြစ်ကြောင်း။

ကွင်းဆင်းစစ်ဆေး

ယခင် ၂၀၀၂ခုနှစ်ကထက် ယခု၂၀၀၃ခုနှစ်တွင် ၂၄ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့သည့် ရလဒ်အပေါ် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများဖြစ်သည့် အာဆီယံနိုင်ငံများအနေဖြင့်လည်း အသိအမှတ်ပြုလာကြကြောင်း။

၂၀၀၂နှင့် ၂၀၀၃ခုနှစ်များအတွင်း ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းပြီး လုံးဝစိုက်ပျိုးခြင်းမရှိအောင် ဒေသအာဏာပိုင် အဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲပြီး နည်းမျိုးစုံဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် ပန်းတိုင်သစ်စီမံကိန်းအရ ဝန်ကြီးငါးဦးနှင့် ဒုတိယဝန်ကြီး လေးဦးတို့က အနီးကပ် ကွင်းဆင်းစစ်ဆေးကြပ်မတ်ပြီး အစားထိုးသီးနှံစိုက်ပျိုးရန် စည်းရုံးဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း။

ကော်မရှင်အဖွဲ့ဝင်

ဤကဲ့သို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းဆောင်ရွက် အောင်မြင်မှုများကို နိုင်ငံတကာကသိမြင်သည့်အလျောက် ၂၀၀၃ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် လူမှုရေးကောင်စီ ECOSOC ၏ ဖွဲ့စည်းမှုဆိုင်ရာအစည်းအဝေး၌ လစ်လပ်နေသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်အဖွဲ့ဝင်နေရာများကို ရွေးချယ်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ရွေးချယ်ခံခဲ့ရသည့်အတွက် ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ လေးနှစ်တာ ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည့်အတွက် မိမိတို့မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာမှာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုလသမဂ္ဂမူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှုအပိုင်းတွင်လည်း ဦးဆောင်သည့် အခန်းကဏ္ဍက နေပြီး ပါဝင်နိုင်တော့မည်ဖြစ်ကြောင်း။

အားတက်သရော

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ရရှိလာသည်နှင့်အမျှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလာခဲ့ရာ ‘ဝ’ဒေသတွင်ရော ကိုးကန့်ဒေသမှာပါ ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးရည်မှန်းချက်ဖြင့် အားတက်သရော ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဒေသဖွံ့ဖြိုးရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး၊ မူးယစ်ဆေးဝါးအစားထိုး စိုက်ပျိုးမွေးမြူရေးစသည့် လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် တိုးမြှင့်ပါဝင်ဆောင်ရွက်နေကြောင်း။

ဖော်ထုတ်ဖျက်ဆီးနိုင်

သို့ဖြစ်၍ ၂၀၀၃ခုနှစ်အတွင်း ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဘိန်းချက်စခန်းများဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့သည်များရှိခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်အောင်မြင်လျက်ရှိကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သတင်းအချက်အလက်ဖလှယ်မှုများ၊ ပူးပေါင်းတားဆီးနှိမ်နင်းမှုများ ပူးပေါင်းဆောင်ရွက်အောင်မြင်လျက်ရှိကြောင်း။

ထူးခြားစွာအောင်မြင်

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများအနက် မြန်မာနိုင်ငံ‘ဝ’ဒေသ တောင်ပိုင်း မိုင်းဆတ်မြို့နယ် ယောင်ခကျေးရွာတွင် ထိုင်းနိုင်ငံ၏ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် စံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ထူးခြားစွာအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

ယောင်ခကျေးရွာ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် ကျောင်းသား ၅၀၀ဆံ့ မူလတန်းကျောင်းတစ်ကျောင်း၊ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံတို့

တည်ဆောက်ပေးထားပြီးဖြစ်သည့်အပြင် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများမှာလည်း အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရကြောင်း။

ဤကဲ့သို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်မှုများ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းနေသည့်အခြေအနေ အချိန်အခါကောင်းတွင် လုပ်ငန်းများရည်မှန်းချက်များနှင့်အညီ တိုးတက်အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် မူးယစ်ဆေးဝါးပပျောက်ရေးတွင် ပါဝင်သည့် လုပ်ငန်းစဉ်ကြီးငါးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အနက် မိမိတို့မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ပြည်တွင်းတွင် ထုတ်လုပ်မှုပပျောက်ရေးအရ ဘိန်းစိုက်ပျိုးမှုပပျောက် ရေးကို အဓိကထားဆောင်ရွက်ပါကြောင်း၊ စီမံချက်တွင်ပါဝင်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်မြို့နယ် ပေါင်း ၂၂မြို့နယ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရမည်ဆိုသည့်အချက်ကို အဓိကထားပါကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းကိုလည်း ဒုတိယဝန်ကြီး လေးဦးပါဝင်သည့် Task Force အဖွဲ့နှင့် ဝန်ကြီးငါးဦးပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယမန်နှစ်က ရှေ့ပြေးစီမံကိန်းအရ ဆောင်ရွက်ခဲ့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံး ဘိန်းစိုက်ပျိုးမှု ၅၀ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း။

အစားထိုးသီးနှံ

အစားထိုးသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ ယခု ၂၀၀၃-၂၀၀၄ခုနှစ် စိုက်ပျိုးရာသီတွင် မိုးသီးနှံ ၁၉၃၂၇ဧက စိုက်ပျိုးရေးအတွက် လျာထားဆောင်ရွက်ခဲ့ရာ ၃၁-၇-၂၀၀၃ရက်အထိ စီမံကိန်းဝင် နယ်မြေဒေသများအတွင်း မိုးသီးနှံဧက ၁၈၀၀၀ကျော်စိုက်ပျိုးပြီးဖြစ်သည့်အတွက် မိုးသီးနှံအနေဖြင့် ၉၆ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပန်းတိုင်သစ် စီမံကိန်းအတွက် ယမန်နှစ်က သိန်းပေါင်း ၁၁၇၃သိန်းကျော်သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ လမ်းညွှန်ချက်အရ ဆန်နှင့် ဆားများလည်း လှူဒါန်းခဲ့ပါကြောင်း၊ ယခုဒုတိယအကြိမ် လှူဒါန်းရန်လည်း စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းဆောင်းသီးနှံမျိုးစေ့ဖြန့်ဖြူးရန်အတွက် လိုအပ်သည့်ရန်ပုံငွေ ကျပ်သိန်း ၁၀၂၀ကိုလည်း ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေအဖြစ် ချထားပေးပြီးဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းအဖွဲ့အနေဖြင့် မျိုးတိရစ္ဆာန်ကြက်နှင့် ဝက်၊ "ဝ" ဒေသ၊ တုံတာဒေသ၊ ကွမ်ဟိန်းဒေသ၊ ဟိုမိန်းဒေသ၊ မိုင်းပျင်း၊ မိုင်းဆတ်၊ မိုင်းတုံဒေသများတွင် မွေးမြူအောင်မြင်နေသည်ဟု သိရပါကြောင်း၊ ဆေးကုသရေး လုပ်ငန်းအဖွဲ့ "ဝ"တောင်ပိုင်းအထူးဒေသ(၂) မိုင်းဖျန်၊ မိုင်းပေါက်ဒေသမှ မူးယစ်ဆေးစွဲလူနာ ၁၁၇ဦးကိုလည်း ဆေးဖြတ်ကုသပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဒေသကြီးနှစ်ခုတို့၏ မူးယစ်ဆေး အကြောအတွင်း ထိုးသွင်းသူများအန္တရာယ်လျော့ပေါ့ရေး ဒုတိယအကြိမ် အစည်းအဝေး"ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ နိုင်ငံရှစ်နိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကိုယ်စားလှယ် ၆၀တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြနိုင်ခဲ့ပါကြောင်း၊ ယင်းကာလအတွင်း မူးယစ်ဆေးစွဲသူ ၇၄၉ဦးကိုလည်း ကုသမှုပေးနိုင်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေး

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် UNODCနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် HIV ကြိုတင်ကာကွယ်ပညာပေးရေးဆိုင်ရာစေတနာ့ဝန်ထမ်း ကြီးကြပ်ရေးမှူးသင်တန်းကို တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ပို့ချပြီး မူးယစ်ကြီးကြပ်ရေးမှူး ၅၀လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ကြီးကြပ်ရေးမှူးသင်တန်းများကို ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းများအတွင်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၉၉ဦး သင်တန်းပေးနိုင်ခဲ့ပါကြောင်း၊ တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းသား ၂၅ဦးကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မူးယစ်ဆေးဝါးကင်းမဲ့ဇုန်

ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကော့သောင်းခရိုင်၊ မြဝတီခရိုင် မူးယစ်ဆေးဝါးကင်းမဲ့ဇုန် တည်ဆောက်ရေးစီမံချက်အရ ကော့သောင်းခရိုင်အတွင်းမှ ဆရာ၊ ဆရာမ ၄၅ဦး၊ မြဝတီခရိုင်အတွင်းမှ ဆရာ၊ ဆရာမ ၇၀ဦးတို့အတွက် ပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဩဂုတ်လအတွင်း မန္တလေးမြို့ပေါ် သုံးမြို့နယ်မှ အခြေခံပညာဆရာ၊ ဆရာမ ၁၂၆ဦးအား မူးယစ်ဆေးဝါး အသိပညာပေးသင်တန်း ဖွင့်လှစ်ခြင်း၊ မန္တလေးမြို့ပေါ် အခြေခံပညာကျောင်း ၃၉ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၇၇၂၁၇ဦးအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စိတ်ကြွဆေးနှင့် ပတ်သက်၍လည်း အဆိုပါဒေသများတွင် လျော့ပါးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ညှိနှိုင်းပြီး စိတ်ကြွရူးသွပ်ဆေးပြား လျော့ပါးရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယမန်နှစ်က မိမိနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်၍ "ဝ" ဒေသသို့ သံတမန်များနှင့် နိုင်ငံခြားသတင်းထောက်များအား အကြိမ်ကြိမ် ခေါ်ယူပြသမှု ပြုလုပ်ခဲ့ပါကြောင်း၊ လုံထန်ကဲ့သို့သော ဒေသများတွင်ပင် ဘိန်းပင် မတွေ့ရသလောက်ရှိပါကြောင်း၊ UNODC ၏ မြေပြင်စာရင်းကောက်ယူမှု စာရင်းဇယားမှာ မြို့နယ် ၅၀ကိုသာ အခြေခံပြီး အခြားမြို့နယ်များကို ပျမ်းမျှနှုန်းထားဖြင့် ကောက်ယူသဖြင့် ၂၄ရာခိုင်နှုန်းသာ လျော့နည်းခြင်းဖြစ်ကြောင်း။

တာဝန်ပေးအပ်ခဲ့

ယခင်နှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှုရှိခဲ့သည့် တိုင်းနှစ်တိုင်းနှင့် ပြည်နယ်ငါးပြည်နယ်မှ ပြည်နယ်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်၁၆ခရိုင်မှ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ၅၀မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများကို စက်တင်ဘာ ၃ရက်တွင် ခေါ်ယူတွေ့ဆုံပြီး မိမိတို့မြို့နယ်အလိုက် လာမည့်ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ပျိုးမှုမရှိစေရေးသက်ဆိုင်ရာနယ်မြေခံအာဏာပိုင်အဖွဲ့အစည်းများ၊တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ တိုင်းစစ်ဌာနချုပ်များနှင့်ညှိနှိုင်းပြီး တာဝန်ယူကြပ်မတ်ဆောင်ရွက်သွားကြရန်၊ အောက်ခြေမြို့နယ်အဆင့်မှစ၍ ဘိန်းစိုက်ပျိုးမှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် လက်တွေ့ကွင်းဆင်း ဆောင်ရွက်သွားကြရန် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းချပြတာဝန်ပေးအပ်ခဲ့ပါကြောင်း။

စိတ်ကြွရူးသွပ်ဆေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် Trafficking Centerသဘောမျိုးဖြစ်ပါကြောင်း၊နယ်စပ်မှPrecursor Chemical မှ တရုတ်၊ ထိုင်းနှင့် အိန္ဒိယမှ ဝင်ရောက်ပါကြောင်း၊ ဓာတုပစ္စည်းကြီးကြပ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ယခင်က လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်နေရာမှ ယခုနှစ်တွင် အိန္ဒိယနိုင်ငံပါဝင်လာသဖြင့်ငါးနိုင်ငံဖြစ်လာခဲ့ကြောင်း၊ ထိုင်းနိုင်ငံချင်းရိုင်မြို့တွင် ၂၀၀၃ခုနှစ် ဇူလိုင်လက ကျင်းပခဲ့သည့် တရုတ်၊ အိန္ဒိယ၊ လာအို၊ မြန်မာနှင့် ထိုင်း ငါးနိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် ချင်းရိုင်ကြေညာချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ ကျင်းရိုင်ကြေညာချက်၏ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း-

* မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများထိရောက်စွာ ထိန်းချုပ်ရေးကို အရှိန်မြှင့်ပူးပေါင်းဆောင်ရွက်ရန်။
* အစားထိုးဖွံ့ဖြိုးရေး၊ ပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ သတင်းဖလှယ်ရေး၊ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဓာတုပစ္စည်းများထိန်းချုပ်ရေးကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်သွားရန်။
* နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးမှ ထွက်ကုန်များအတွက် ဈေးကွက်ဖန်တီးပေးရေး၊ အစားထိုးဖွံ့ဖြိုးရေးတွင် နိုင်ငံတကာ အကူအညီရယူဆောင်ရွက်ရန်။
* ငါးနိုင်ငံမှ ကျွမ်းကျင်သူအဆင့်အရာရှိများသည် ဘိန်းဖြူနှင့်စိတ်ကြွဆေးများထုတ်လုပ်ရာတွင် အသုံးပြုသော အဓိကနှင့် အရေးကြီးဓာတုပစ္စည်းများ ထိရောက်စွာ ထိန်းချုပ်ရေးအတွက် တွေ့ဆုံဆွေးနွေးနည်းလမ်းရှာကြံကြရန်။
* မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အထူးသဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့အား နည်းပညာနှင့် ငွေကြေးဆိုင်ရာ အကူအညီထောက်ပံ့မှုရရှိရေး ဖိတ်ကြားကြိုဆိုရန်စသည့်သဘောတူညီချက်များပါရှိကြောင်းတင်ပြအပ်ပါကြောင်း။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို တင်ပြရပါက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက သိန်း ၁၀၀ နှင့်ညီမျှသည့်ဒေါ်လာ ၁၂၀၀၀ လှူဒါန်းသဖြင့် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းဆောက်လုပ်ခဲ့ပါကြောင်း၊ သင်တန်းကျောင်း ဖွင့်လှစ်ပါက ဒေသခံတောင်သူ ၅၀ဦးအား ကျောင်းအိပ်ကျောင်းစားထား၍ သင်တန်းပို့ချနိုင်မည် ဖြစ်ပါကြောင်း။

ယောင်ခကျေးရွာ ဖွံ့ဖြိုးရေး

ဆက်လက်၍ "ဝ"ဒေသ ယောင်ခကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီးတင်ပြလိုကြောင်း၊ ကျောင်းသား ၅၀၀ဆံ့ မူလတန်းကျောင်းဆောက်လုပ်ပြီးစီး၍ ယခုပညာသင်နှစ်တွင် ကျောင်းသား၂၀၀ဖြင့်စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ၁၆ခုတင်ဆံ့ ဆေးရုံကိုလည်း ဆောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ မူလတန်းကျောင်းတွင် စံပြစိုက်ကွင်းနှင့် စံပြမွေးမြူရေးခြံ ဆောက်လုပ်ထားကြောင်း၊ ကျောင်းသားများအား စိုက်ပျိုးရေး၊မွေးမြူရေးပညာ သင်ကြားပေးသကဲ့သို့ ကျေးရွာလူထု လာရောက်လေ့လာနိုင်ရန်လည်း စီစဉ်ထားကြောင်း၊ လယ်ယာမြေဧက ၁၀၀၀ ဖော်ထုတ်ထားရှိသည့်အနက် "ဝ"ဒေသခံများ၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြင့် ဧက ၈၀၀ ခန့် ရေပေးနိုင်ပြီးဖြစ်ကြောင်း၊ မက်ကဒေးမီးယား စိုက်ပျိုးလျက်ရှိပါကြောင်း။

နိုင်ငံချုပ်အနေဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တင်ပြထားသည့် (၁၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အာဆီယံအလုပ်ရုံဆွေးနွေးပွဲ 14th IFNGO ASEAN Workshop ကို ၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေး အောင်မြင်စေရေးအတွက် မူးယစ်ဗဟိုမှလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှမ်းပြည်နယ်၊ "ဝ"ဒေသ၊ ကိုးကန့်ဒေသတို့၌ ဘိန်းအစားထိုးသီးနှံမျိုးများ၊ နည်းပညာနှင့် စိုက်ပျိုးရေးသွင်းအားစုများ၊ ကြက်၊ ဝက်၊ နွား မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးမှု၊ မူးယစ်ဆေးစွဲကုသရေး ရွှေပြည်သာနှင့် ရွှေပြည်အေးစခန်းများသို့ ငွေကြေးထောက်ပံ့ပေးမှု၊ ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်တောင်သူ မိသားစုများအား ထောက်ပံ့ငွေ၊ ဆန်၊ ဆားများ ထောက်ပံ့ပေးမှု၊ ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းများ တည်ဆောက်ပေးမှု၊ နှင်းသီး၊ သစ်ကြားသီး၊ လိုင်ချီး၊ ကျွဲကော၊ လိမ္မော်၊ သရက် နှစ်ရှည်သီးနှံ မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့ ဖြန့်ဖြူးပေးမှု၊ မိမိဝန်ကြီးဌာနက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် မူးယစ်ဗဟိုနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ထောက်ပံ့ရန် ငွေကြေးလျာထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆွေးနွေးတင်ပြ

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ခြင်းများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အသိတရားရှိရှိဖြင့် စီမံကိန်းများချမှတ် အကောင်အထည်ဖော်နေမှုများကို နိုင်ငံတကာကသိရှိအောင်ဆောင်ရွက်နေမှုများနှင့်မြန်မာနိုင်ငံဆိုင်ရာ သံတမန်များနှင့် နိုင်ငံခြားသတင်းစာဆရာများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ နယ်စပ်ဒေသများသို့ ကွင်းဆင်းလေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်သို့ ငါးကြိမ်ကွင်းဆင်း၍ မူးယစ်ဆေးဝါး စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှု ပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ မူးယစ်ဆေးစွဲသူများအား ဆေးဖြတ်ပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်ပေးရေးတို့အတွက် ဆောင်ရွက်ခဲ့မှု၊ ဒေသရှိ ကျောင်းများ၊ အမျိုးသမီးအဖွဲ့အစည်းများတွင် ပညာပေးဟောပြောမှုများ၊ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ရှမ်းပြည်နယ်၌ ပြီးခဲ့သည့်နှစ်အတွင်း ဘိန်းဈေး၊ ဘိန်းသီးများ မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ဘိန်းစိုက်ပျိုးမှုရှိ-မရှိ ကွင်းဆင်းလေ့လာခဲ့မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ထားမှုနှင့် ဆင့်ပွားသင်တန်းများဖွင့်လှစ်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က မူးယစ်ဆေးစွဲသူများအား ဆေးဝါးကုသမှု၊ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးတွင် မွေးမြူရေးကဏ္ဍမှ ပံ့ပိုးကူညီဆောင်ရွက်မှုများကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံ တည်ဆောက်မှုများ၊ သီးနှံမျိုးစေ့၊ နည်းပညာ ဖြန့်ဖြူးပေးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ပြီးစီးမှု

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ခေတ္တအတွင်းရေးမှူး ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်တာဝန်ရှိသူများက မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်မှုနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

နယ်ချဲ့ဆိုးမွေ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် သမိုင်းနှင့်ချီပြီး ခံစားခဲ့ရသည့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အတွင်း လုံးဝပပျောက်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

နိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများကို အဆင့်ဆင့် စည်းရုံးဆောင်ရွက်လာခဲ့ရာ ပန်းတိုင်သစ် စီမံကိန်းလုပ်ငန်းများတွင် အခြေခံအဆင့် ဘိန်းစိုက်တောင်သူများပါ ပူးပေါင်းပါဝင်လာသည်အထိ အောင်မြင်မှုများရရှိခဲ့ကြောင်း။

အရှိန်အဟုန်မြှင့်

ဤကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းနေသည့် အချိန်အခါတွင် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဘိန်းစွဲသူများကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားဖို့လိုကြောင်း။

နှစ်ပေါင်းရာချီပြီး အမြစ်တွယ်ရှင်သန်နေခဲ့သည့် အမွေဆိုးကြီးကို မိမိတို့တစ်နိုင်ငံတည်း၏ အင်အားဖြင့် အချိန်တိုကာလအတွင်း လုံးဝပပျောက်အောင် ဆောင်ရွက်ရေး လုပ်ငန်းတာဝန်မှာ ကြီးလေးလှသည့် အလျောက် နိုင်ငံတကာ၏ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်မည်

သို့ရာတွင် မည်သည့်ကူညီပံ့ပိုးမှုမှ မရရှိသည့်တိုင် မိမိတို့၏ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးအမွေဆိုးကြီး ချုပ်ငြိမ်းပျောက်ကွယ်စေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်ကြောင်း။

သို့ဖြစ်၍ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ် ပင်မစီမံကိန်းနှင့် ပင်မစီမံကိန်းကို အားဖြည့်သည့် ပန်းတိုင်သစ်စီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင် အကောင်အထည်ပေါ်လာစေရေးအတွက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၃ ခုနှစ် စက်တင်ဘာ ၈ရက်၌ကျရောက်သော မက်ဆီဒိုးနီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အီလင်ကာ၊ မီထရီဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထဲရေးဒုတိယဝန်ကြီး အကျဉ်းဦးစီးဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေသည် ယမန်နေ့နံနက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ရောက်ရှိပြီး အင်းစိန် ဗဟိုအကျဉ်းထောင်အား လှည့်လည်စစ်ဆေးပြီး အင်းစိန် ဗဟိုအကျဉ်းထောင်၌ အကျဉ်းသား၊ အချုပ်သားများအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော စိုက်ကျွေး၊ မွေးကျွေးလုပ်ငန်းများအား ကြည့်ရှုသည်။ ထို့မှတစ်ဆင့် ဝန်ထမ်းနှင့် ပြည်သူများ သက်သာချောင်ချိရေးအတွက် ရေးရှုဆောင်ရွက်နေသော ပြည်သာကုန်မျိုးစုံဆိုင်အား ကြည့်ရှုပြီး ညွှန်ကြားရေးမှူးချုပ်ရုံးရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ချမ်းမြေ့အထူးကုဆေးခန်း၊ ယာဉ်ပြင်စက်ပြင်အလုပ်ရုံနှင့် ရေခဲစက်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ မြေပဒေသာကျွန်း အဆင့်မြှင့်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်လျက်ရှိသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီး ပုလဲကျွန်းရှိ Recreation Zone တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Recreation Zone အတွင်း Garden City တည်ဆောက်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီး ပုလဲကျွန်းရှိ Recreation Zone အတွင်း Garden City တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မက်ဆီဒိုးနီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၃ခုနှစ် စက်တင်ဘာ ၈ရက်၌ ကျရောက်သော မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘရန်ကို၊ ခရာဗန်ကိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်လုပ်ငန်းကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၌ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း သစ်ဆိပ်များသို့ သွားရောက်၍ သစ်လုံးအတန်းအစား ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးပတ်ဝန်းကျင် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့တွင် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးသို့ ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ခံများ၊ ဦးစီးအရာရှိများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မန္တလေးမြို့ရှိ ရုပ်ရှင်ရုံများ လုံခြုံမှုရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ ကိုယ်ပွားသတင်းစာတိုက်မှ နေ့စဉ်ထုတ် သတင်းစာများကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီ ဖြန့်ချိနိုင်ရေး၊ မန္တလေးစာပေဗိမာန် စာကြည့်တိုက်အနေဖြင့် ပြည်သူများ အသိပညာတိုးပွားရေးအတွက် စာအုပ်စာတမ်းများကို ပြည့်စုံစွာထားရှိရေး၊ e-Library တွင် လာရောက်လေ့လာ ဖတ်ရှုသူများအား အဆင်ပြေစွာဖြင့် လေ့လာလိုသည်များကို ပြည့်ပြည့်စုံစုံ ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းအထက်မြန်မာပြည် မန္တလေးရုံးခွဲကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးကိုယ်ပွားသတင်းစာတိုက်တွင် နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်ဖြန့်ချိနေမှုကို ကြည့်ရှုစစ်ဆေးပြီး သတင်းစာများ အရည်အသွေးပြည့်မီစေရေး၊ စက်ပစ္စည်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စက်ကြိုခိုင်ရေးများပုံမှန်ပြုလုပ်ရေး၊ အလေအလွင့် နည်းပါးစေရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် ပုံနှိပ်တိုက်လုံခြုံရေးတို့ကို စနစ်တကျ ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေး ကိုယ်ပွားသတင်းစာတိုက်တွင် နေ့စဉ်ထုတ် သတင်းစာများ ရိုက်နှိပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ "မနီ ပြုံးနိုင်ပြီ"
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၅ ၆။ **တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)**
၅:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၃၅ ၈။ **ယောကျ်ားရှားသလား ဟုတ်စ (ခန့်စည်သူ၊ ပပဝင်းခင်၊ အင်္ဂချို၊ ခင်မို့မို့အေး၊ နွယ်နွယ်ဦး) [ဒါရိုက်တာ-တင်သန်းဦး]**
၅:၅၅ ၉။ ၂၀၀၃ခုနှစ် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး (ပညာရှင်အဆင့်) (အမျိုးသမီး)
၆:၀၅ ၁၀။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer.
၇:၁၀ ၁၅။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
၇:၃၅ ၁၇။ **၂၀၀၃ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး (၁၀)စုနှစ် အထိမ်းအမှတ်ဆွေးနွေးခန်း**
၇:၄၅ ၁၈။ ၂၀၀၃ခုနှစ် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆွေးနွေးခန်း (အတီးပြိုင်ပွဲ) (ဒုံမင်း၊ မယ်ဒလင်)
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၁၁)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ဝါတွင်းကာလ တိုင်းရင်းဆေးကုသလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၇

ဗိုလ်တထောင်ဘုရားဈေးအတွင်းရှိ 'ဆေးမှာဘုရင် မိခင်' ဆေးတိုက်မှ (၁၉)နှစ်မြောက် နှစ်စဉ် ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့တိုင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ မိခင်ဆေးတိုက်မှ ထုတ်လုပ်သော တိုင်းရင်းဆေးဝါးများဖြင့် ကုသလှူဒါန်းလျက်ရှိသည်။ ကုသလိုသူတိုင်း ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့တိုင်း ဗိုလ်တထောင်ဘုရားဈေး အမှတ် (၇၆/၇၇)ရှိ မိခင်ဆေးတိုက်သို့ လာရောက်ကုသ အလှူခံနိုင်ပြီး နေ့စဉ် ရဟန်းသံဃာတော်နှင့် သီလရှင်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများကိုလည်း မိခင်ဆေးတိုက်မှ လှူဒါန်းပေးကြောင်းသိရသည်။ (က-ပ)

ကာလသမအကြိမ် (၁၀ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရေး။

(ဃ) မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။

(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

▲ **ရှေ့ဖုံးမှ**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပထမတာဝန်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏အကာအကွယ်အောက်တွင် စိတ်အေးချမ်းမြေ့လွတ်လပ်စွာဖြင့် ပရိယေသနဝမ်းစာရှာမှီး စားသောက်နိုင်ရေး၊ ဒုတိယတာဝန်ဖြစ်သော နိုင်ငံတော်တွင် အရေးကြုံကာလရောက်ရှိပါက နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရေးနှင့် တတိယတာဝန်ဖြစ်သော ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လမ်းညွှန်ချက်များကို ချမှတ်ပေးထားကြောင်း။

လမ်းညွှန်ချက်များကို ချမှတ်

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဆိုသည့် လမ်းညွှန်ချက်နှင့် တိုင်းရင်းသားပြည်သူတွေ စိတ်ချမ်းမြေ့လုံခြုံစွာနှင့် ပရိယေသနဝမ်းစာရှာမှီးနိုင်ရန် ရပ်ထဲရွာထဲတွင် သူခိုးဓားပြဆိုလုံးဝမရှိစေတော့ဘဲ အိမ်တံခါးဖွင့်ပြီးအိပ်နိုင်သည်အထိ လုံခြုံရေးဆောင်ရွက်ပေးဖို့ဆိုသည့် လမ်းညွှန်ချက်များကို ထပ်မံချမှတ်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် တစ်သားတည်းရှိနေပြီး ပြည်သူများကို ကူညီဆောင်ရွက်မှသာ ယင်းရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်မည်ဖြစ်ကြောင်း။

ကူညီဆောင်ရွက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပင်မရဲလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်းတရားများကို လက်ကိုင်ထားပြီး အဂတိတရားလေးပါး၊ တံစိုးသုံးပါးတို့ကို ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ အမှုများကိုစုံစမ်းဖော်ထုတ်ပြီး တရားရုံးကို တရားစွဲတင်ပို့ရသည့် ရဲအရာရှိများအနေဖြင့် အမှုစုံစမ်းထောက်လှမ်းသည့်နေရာတွင် အခင်းဖြစ်အရပ်ကို ကိုယ်တိုင်သွားရောက် ကြည့်ရှုရန်၊ သဲလွန်စအထောက်အထားနှင့် သက်သေခံပစ္စည်းပစ္စယများကို သေသေချာချာသိမ်းဆည်းကြရန်၊ အမြင်သက်သေ၊ အကြားသက်သေများကို စုံစုံလင်လင်စစ်ဆေးရန်၊ ပြစ်မှုကျူးလွန်သူအစစ်အမှန်ကို ဖော်ထုတ်နိုင်ရန် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်နိုင်စေရန်အတွက် ရဲလုပ်ငန်းများကို အပြည့်အစုံ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များသည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တရားစွဲအဖွဲ့အစည်းဝင်များ၊ မှုခင်းဆရာဝန်များ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများအစရှိသူများနှင့် နီးကပ်စွာ ပေါင်းစပ်ဆက်ဆံပြီး ယင်းမိတ်ဖက်အဖွဲ့အစည်းဝင်များကလည်း တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်နေရန်အတွက် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

တရားဥပဒေချိုးဖောက်သူများကို တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူအပြစ်ပေးသည့်အပိုင်းများတွင်လည်း လောဘ၊ ဒေါသ၊ မောဟများကြောင့် ပြစ်မှုများကျူးလွန်ကြသည့် တရားခံများရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် ပြစ်မှုကျူးလွန်မိသူများလည်းရှိရာ စိတ်ရှည်လက်ရှည် စစ်ကြောဖော်ထုတ်ပြီး တရားခံအစစ်အမှန်ကိုသာ အရေးယူနိုင်ရန် လိုအပ်ပါကြောင်း၊ ကိုလိုနီခေတ်ပုလိပ်များ၏ အမူအကျင့်များ ပပျောက်သွားရန်လိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ယနေ့ကာလသည် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်သန်မြင့်မားနေရန် အထူးလိုအပ်သည့် အချိန်ကာလဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတော်ကာကွယ်ရေးအတွက် စိတ်ပိုင်းဆိုင်ရာအရအသင့်ဖြစ်နေရန်၊ နိုင်ငံတော်ကာကွယ်လိုစိတ် မြင့်မားနေစေရန် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအပိုင်းနှင့် တစ်ဆက်တည်းပြောရလျှင် ယနေ့ကာလတွင် အင်အားကြီး နိုင်ငံကြီးအချို့သည် ဓနအင်အားကွာခြားမှု၊ နည်းပညာသာလွန်မှုများကို အခွင့်ကောင်းယူပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံအချင်းချင်းအပေါ်တွင် သြဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရန် ကြံစည်လုပ်ဆောင်မှုများ၊ အကြပ်ကိုင်ဖိအားပေးမှုများ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နေသည့် အချိန်အခါမျိုး၌ မိမိနိုင်ငံသားပြည်သူများ၏ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်ကျည်မှုစွမ်းအားသည် အဓိကအင်အားတစ်ရပ်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်နေစေရအောင် ပြည်သူများ မျိုးချစ်စိတ်ဓာတ် မြင့်မားနေစေရအောင် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ရဲတပ်ရင်းများအပိုင်းနှင့် ပတ်သက်၍ပြောရလျှင် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုဆိုသည့် အခြေခံအရည်အချင်းငါးရပ်ကို စံပြုပြီး ရဲတပ်ရင်းများကို စိတ်ဓာတ်၊ လေ့ကျင့်ရေး၊ သက်သာချောင်ချိရေး၊ အုပ်ချုပ်ရေးများ ကောင်းမွန်နေအောင်လည်း တည်ဆောက်ရန်လိုအပ်ကြောင်း၊ တပ်ရင်းမှူးများအနေဖြင့်လည်း ရဲတပ်ဖွဲ့၏ အစဉ်အလာ ၁၂ရပ်ကို ထိန်းသိမ်းပြီး ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ချက်နှင့်အညီ မိမိတို့တပ်ကို ဦးဆောင်ရမည့်အပြင် ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များသာမက နိုင်ငံတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ထမ်းဆောင်နိုင်အောင်၊ လေ့ကျင့်သားပြည့်ဝနေအောင် သင်ကြားလေ့ကျင့်ပေးထားကြရမည်ဖြစ်ကြောင်း၊ ခိုင်းမှလုပ်မည်ဆိုသည့် စိတ်ဓာတ်မျိုးမထားဘဲ မျိုးချစ်စိတ်ဓာတ် ပြည့်ဝနေပြီး ကိုယ့်အသိနှင့်ကိုယ် အမျိုးသားရေးတာဝန်များ ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တက်ကြွစွာ ဆောင်ရွက်မှုများကြောင့် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

လူမှောင်ခိုမှု ကာကွယ်တားဆီးရေးအပိုင်းအနေဖြင့် ယနေ့ နိုင်ငံတကာက ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာပေါင်းများစွာအနက် လူကုန်ကူးမှုပြဿနာသည် တစ်နေ့တစ်ခြား ရှေ့တန်းကို ရောက်ရှိလာနေသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ထိရောက်သောအစီအမံများ ချမှတ်ပြီး တိုးမြှင့်လုပ်ဆောင်နေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် လူကုန်ကူးမှုပြဿနာသည် အခြားတိုင်းပြည်များကဲ့သို့ လူမှောင်ခို ဒုစရိုက်ဂိုဏ်းကြီးများဖွဲ့ပြီး လုပ်ဆောင်နေခြင်းမျိုးမဟုတ်သော်လည်း ငယ်ရွယ်သူအမျိုးသမီးများ၏ဘဝကို ပျက်စီးစေခြင်းကြောင့် အမျိုးသားရေးဟု ခံယူထားရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများကို တရားမဝင်သွားရောက် အလုပ်လုပ်လိုသူများအား အရေးယူဆောင်ရွက်ရေးစီမံချက်ကို ရှေ့ပြေးအစီအမံအဖြစ် ရေးဆွဲခဲ့ပြီး ဗဟိုကြီးကြပ်ကွပ်ကဲမှုအဖွဲ့၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ကွပ်ကဲမှုအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

ယင်းအဖွဲ့အစည်းများအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အင်အားစုများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပညာပေးခြင်း၊ တစ်ဖက်နိုင်ငံသွားမည့် လမ်းကြောင်းမှ တားဆီးပြန်လွှတ်ခြင်း၊ ဥပဒေအရ အရေးယူခြင်းဆိုသည့် အပိုင်းများနှင့် ဆောင်ရွက်သည်ကို တွေ့ရှိရကြောင်း၊ ယင်းနောက် ပြည်ပနိုင်ငံများက ပြန်လည်ဝင်ရောက်လာသူများကို လက်ခံခြင်းအပိုင်းတွင်လည်း အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက် အောင်မြင်လျက်ရှိကြောင်း။

အိမ်တိုင်ရာရောက်ပို့ဆောင်

၂၀၀၃ခုနှစ် ဇူလိုင်လအထိ ပညာပေးသူ ၈၂၂၅၁ဦး၊ တားဆီးပြန်လွှတ်သူ ၁၁၅၄၄ဦး၊ ဥပဒေအရ အရေးယူသူ ၁၀၂၈ဦးရှိပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လာသူ နိုင်ငံသားများကို ကြိုဆိုလက်ခံရေးအတွက် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလမှစပြီး ကရင်ပြည်နယ် မြဝတီမြို့တွင် ရဲတပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာ ခြောက်ခုပါဝင်သည့် ပူးပေါင်းအဖွဲ့က စနစ်တကျ လက်ခံဆောင်ရွက်ခဲ့ရာတွင် ၂၀၀၃ခုနှစ် ဩဂုတ် ၁၈ရက်အထိ ကျား ၆၅၂၆ဦး၊ မ ၃၁၆၄ဦး၊ ကလေး ၃၁၅ဦး စုစုပေါင်း ၁၀၀၀၅ဦးကို ပြန်လည်လက်ခံထားပြီး လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးကာ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အရှိန်အဟုန်မြှင့်ပြီး စွမ်းအားပြည့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏အောက်တွင် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ ယင်းလုပ်ငန်းကော်မတီသည် ၂၀၀၂ခုနှစ် ဩဂုတ်လနှင့် ၂၀၀၃ခုနှစ် မတ်လတို့တွင် ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များကို ကွင်းဆင်းပြီး ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို ပညာပေးအပိုင်းနှင့် ဆောင်ရွက်သကဲ့သို့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သည့် အပိုင်းအနေဖြင့်လည်း ၂၀၀၃ခုနှစ် ဩဂုတ် ၂ရက်အထိ လူပွဲစား ကျား ၂၂၅ဦး၊ မ ၁၉၂ဦး စုစုပေါင်း ၄၁၇ဦးကို အမှုပေါင်း ၂၂၃မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်ခံရသူ ကျား ၆၁၁ဦး၊ မ ၄၉၅ဦး စုစုပေါင်း ၁၁၀၆ဦးကိုလည်း ကယ်တင်တားဆီးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဖော်ထုတ်ခဲ့သည့်အမှုများအနက် ၈၃မှုတွင် တရားရုံးကထိရောက်သည့်ပြစ်ဒဏ် ချမှတ်ပြီးဖြစ်ကြောင်းကို သိရှိရကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စနစ်တကျ ပြုပြင်မွမ်းမံပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် လုပ်ငန်းများ စွမ်းဆောင်အောင်မြင်ခဲ့သည်များ များစွာရှိခဲ့ကြောင်း။

ကော်မတီအနေဖြင့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီပြီး အဆင့်အတန်းမြင့်သည့် ထိရောက်ထက်မြက်သော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် ကူညီပံ့ပိုးမှုများစွာ ဆောင်ရွက်ပေးခဲ့ကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အရည်အချင်းပြည့်ဝပြီး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်ပြောကြားသည်။

အောင်မြင်မှုရရှိ

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုကော်မတီ၏ တစ်နှစ်တာဆောင်ရွက်မှုများထဲက အဓိကကျသောအချက်ကို အကျဉ်းချုံးပြီး တင်ပြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ၁၀နှစ်ထဲကို ရောက်ရှိနေပြီဖြစ်ရာ ယင်း ၁၀နှစ်တာကာလအတွင်းတွင် ကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊အနီးကပ်ကြီးကြပ်မှုကိုခံယူပြီး ဆပ်ကော်မတီခြောက်ရပ်၏ အကြံကောင်းဉာဏ်ကောင်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကိုရယူပြီး ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သြဝါဒများကို ခံယူလျက် အဓိကအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း၌ တည်ဆောက်ရေး တာဝန်ကြီးလေးရပ်ကို အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ပထမတည်ဆောက်ရေးတာဝန်အနေဖြင့် စိတ်ဓာတ်ရေးရာ ပြောင်းလဲတိုးတက်ရန် အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ဒုတိယတည်ဆောက်ရေးတာဝန်မှာ လေ့ကျင့်ရေးတာဝန်ဖြစ်ကြောင်း၊ ၁၉၉၄ခုနှစ်က စတင်ပြီး ယင်းကော်မတီဖွဲ့စည်းစဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အင်အား၏ သုံးပုံနှစ်ပုံမှာ လုပ်ငန်းဆိုင်ရာ သင်တန်းမတက်ရသေးဘဲ ရဲလုပ်ငန်းများကို လုပ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ငါးနှစ်အတွင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး သက်ဆိုင်ရာသင်တန်းအသီးသီးကို တက်ရောက်ပြီးဖြစ်ရမည်ဆိုသော ရည်မှန်းချက်များရှိရန် စီမံချက်ရေးဆွဲပြီး သင်တန်းကျောင်းများကို တိုးချဲ့ခြင်း၊ သင်တန်းသစ်များ ဖွင့်လှစ်ခြင်းစသည့် လေ့ကျင့်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရဲအရာရှိသင်တန်းကျောင်းဖြစ်သော ရဲဗဟိုလေ့ကျင့်ရေးကျောင်းကို အထူးခေတ်မီသော သင်တန်းကျောင်းကြီးဖြစ်အောင်၊ နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းကြီးဖြစ်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်က ဒုတိယရဲအုပ်သင်တန်းကို တစ်နှစ်တွင် နှစ်ကြိမ်ခန့်သာ ဖွင့်ခဲ့ရာမှ ယခုနှစ်ဆတိုးပြီး လေးကြိမ် တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း၊ စခန်းမှူးသင်တန်း၊ မှုခင်းသင်တန်း၊ မြို့နယ်မှူးသင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိရှိကြောင်း၊ ရဲဗဟိုလေ့ကျင့်ရေးကျောင်း၌ အဆင့်နှင့်လျော်ညီသည့် သင်တန်းအသီးသီးကိုဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း၊ နောက်တစ်ခုမှာ သက်သာချောင်ချိရေးဖြစ်ကြောင်း၊ ကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဘဝလုံခြုံစိတ်ချရအောင် အိမ်များတံခါးဖွင့်ပြီး အိပ်နိုင်သော ဘဝရောက်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ဆက်သွယ်ရေးစက်များ အစရှိသည်ဖြင့် လိုအပ်သည့်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေး၊ ရဲတပ်ရင်းများတွင် လိုအပ်သည့်ရိက္ခာများ ပြည့်စုံဖြည့်တင်းရေးတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြားတစ်ချက်အနေဖြင့် အုပ်ချုပ်ရေးနှင့်တည်ဆောက်ရာတွင် အထက်ကနေအောက်ကို၊ မိဘကနေ သားသမီးကို စောင့်ရှောက်သကဲ့သို့မျိုးဖြစ်အောင် ဆရာမွေး၊ တပည့်မွေးခြင်းမျိုး၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းအောင်၊ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

အမှုအနည်းဆုံးနိုင်ငံ

ဆက်လက်၍ မှုခင်းကျဆင်းရေးနှင့် ပညာပေး သတင်းထုတ်ပြန်ရေးကော်မတီ၏ လုပ်ဆောင်ချက်များကို တင်ပြလိုပါကြောင်း၊ ဒုတိယဝန်ကြီးဦးဆောင်ပြီး နိုင်ငံတော်၏ မှုခင်းကျဆင်းရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်း ထုတ်ပြန်ရေးကော်မတီကို ဖွဲ့စည်းပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိပြီး ယခုဆိုလျှင် အမှုကြီးများသည် အရှေ့တောင်အာရှတွင် အမှုအနည်းဆုံးနိုင်ငံအဖြစ်နှင့် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လူကြီးများ၏ လမ်းညွှန်ချက်အရ ရဲတပ်ဖွဲ့ဝင်များ၊ ရဲအရာရှိများ အဆင့်အလိုက် လိုက်နာကျင့်သုံးရမည့် ရဲကျင့်ဝတ်များရေးဆွဲခြင်း၊ ဦးစီးတာဝန်ရေးဆွဲခြင်း၊ ရဲလက်စွဲရေးဆွဲခြင်းများ ပြုလုပ်ပြီး ကျင့်သုံးလိုက်နာဆောင်ရွက်စေခဲ့သည့်အတွက် များစွာ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ ပြည်သူလူထုအတွင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ လုပ်ငန်းများကို သိရှိရန် ဂျာနယ်များ၊ မဂ္ဂဇင်းများလည်း ပုံနှိပ်ထုတ်ဝေ ဖြန့်ဝေလျက်ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန စည်းရုံးရေးကော်မတီအနေဖြင့်လည်း အဆင့်ဆင့်သော စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းပြီး တပ်ဖွဲ့အတွင်းနှင့် တပ်ပြင်၊ ပြည်သူလူထု စည်းရုံးရေးလုပ်ငန်းများကို ဖောက်ချပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့်လည်း မိသားစုအတွင်းတွင် အသိအမြင်ကြွယ်ဝစေရန်နှင့် တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှုရအောင် လုပ်ဆောင်ခဲ့ပါကြောင်း။

နိုင်ငံတော် ရဲတပ်ဖွဲ့သည် နိုင်ငံတော် ကာကွယ်ရေးအရန်အင်အားစု ဖြစ်သည့်အလျောက် လှုပ်ရှားတိုက်ခိုက်ရေး တပ်ရင်းများ၊ နယ်မြေလုံခြုံရေး တပ်ရင်းများ သတ်သတ်မှတ်မှတ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် ဓာတ်တိုက်လေ့ကျင့်မှုများကအစ ပြုလုပ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်ထားပါကြောင်း။

နှစ် ၃၀ စီမံကိန်း

နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အရှိန်အဟုန်မြင့်တက်လျက်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နှစ် ၃၀ စီမံကိန်းရေးဆွဲပြီး ဌာနကြီးလေးခု တက်ညီလက်ညီဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် တိုးတက်သည့် Information Technology များနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ပြည်နယ်၊ တိုင်း၊ခရိုင်အဆင့်များ Internet စနစ်အရ ဆက်သွယ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီသော၊ မျိုးချစ်စိတ်ရှိသော၊သစ္စာရှိသော တပ်ဖွဲ့ဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု စနစ်ပြုပြင်ပြောင်းလဲရေးကော်မတီ ခေတ္တအတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တရားရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဥပဒေဆိုင်ရာဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆပ်ကော်မတီနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်အနှံ့ တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံ

ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများကို နိုင်ငံတော်မှ တည်ဆောက်ပြုပြင် ဆောက်လုပ်ခဲ့ရာတွင် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံလည်း ပါဝင်သည်။ **(အပေါ်ပုံ)**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမက (၂၀)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမက (၂၀) ကျောင်းဆောင်သစ် **(အပေါ်ဆုံးပုံ)** သည် အခြေခံပညာကဏ္ဍအတွက် အကျိုးပြုမည်ဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ပုသိမ် နည်းပညာကောလိပ်သည်လည်း အဆင့်မြင့်ပညာကဏ္ဍအတွက် အုတ်တစ်ချပ်အဖြစ် ပါဝင်လာပေတော့မည်။ **(ဝဲပုံ)**

အောက်ပုံမှာ ဩဂုတ် ၃၁ ရက်က နောက်ဆုံး ဖွင့်လှစ်ခဲ့သော မန္တလေးတိုင်း မလှိုင်မြို့နယ်မှ သင်ပုန်း ရေလှောင်တမံ၏ ရေပြင်ကိုတွေ့ရစဉ်။

(ကြေးမုံ)

သင်ပုန်း ရေလှောင်တမံ ရေပြည့် မြင်ကွင်း



ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် စမ်းချောင်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်ကြီး ခြောက်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များကနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပဓာန နာယက ဆရာတော်ထံ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်သံဃာတော်များအားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်းတို့က ပဓာန နာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အပါအဝင်ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ပဓာန နာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေများကို စိုက်ထူလှူဒါန်းကြရာတပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ်ခြောက်သောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သောင်း ရှစ်ထောင်၊ ဗိုလ်တထောင်မြို့နယ်အတွင်းရှိရပ်ကွက်များမှ အလှူရှင်များက ငွေကျပ်သုံးသိန်းတစ်သောင်းငါးထောင်၊ Asia Express မှ ဦးမောင်မောင်က ငွေကျပ်သုံးသိန်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မိသားစုက ငွေကျပ် တစ်သိန်းရှစ်သောင်းခုနစ်ထောင်ငါးရာ၊ ပုဇွန်တောင်မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်း တစ်သောင်းငါးထောင်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာအတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး၊ သမ္မတသက်န်းတိုက်မိသားစု၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီ၊ BTB ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့တို့က ငွေကျပ် ရှစ်သောင်းနှစ်ထောင်ငါးရာ၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းကငွေကျပ်ငါးသောင်း၊ မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် မှန်ချိုဆေးတိုက်မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ လူပျံတော်ပတ္တမြားဆေးတိုက်မှ ဦးအောင်မြင့်–ဒေါ်ဖြူသီတို့က ငွေကျပ်လေးသောင်း ငါးထောင်၊ ဆန်းမြန်မာ အင်တာနေရှင်နယ် လီမိတက်မှငွေကျပ်ခုနစ်သောင်းနှစ်ထောင်၊ စန္ဒီပရဆေး မိသားစုက ငွေကျပ် တစ်သိန်းနှင့် ကျပ်ကိုးဆယ်၊ ထွန်းရွှေဝါဆေးတိုက်နှင့် ထက်လင်းဆေးတိုက်တို့ကငွေကျပ်ငါးသောင်းစီ၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ်ငါးသောင်းရှစ်ထောင်၊ စက်မှုဇုန်(၃)မှ စုပေါင်းအလှူရှင်များက ငွေကျပ်သုံးသောင်း၊ ဗိုလ်တထောင်မြို့နယ် ပညာရေးမိသားစုက ငွေကျပ်ခုနစ်သောင်း ခုနစ်ရာ ခုနစ်ဆယ်၊ ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ်ငါးသောင်းငါးထောင်ငါးရာ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ်နှစ်သောင်း၊ ဦးသိန်းဌေး – ဒေါ်ဆွေဆွေဦးတို့က ငွေကျပ်နှစ်သောင်း၊ ကံသာဆေးတိုက်မိသားစုက ငွေကျပ်တစ်သောင်းငါးထောင်၊ လှကမ္ဘာပရိဘောဂတိုက်မိသားစုနှင့် ရွှေပင်ငွေပင်ဦးသန်းထွန်းက ငွေကျပ်သုံးသောင်းစီ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာကော်မတီတို့က ငွေကျပ်တစ်သောင်းစီ၊ ဒဂုံတင်ဝင်းမိသားစုက ငွေကျပ်တစ်သောင်းတစ်ထောင်ကိုးရာ၊ ပါရဂူနှင့် အောင်ဇေဆေးခန်းတို့က ငွေကျပ်နှစ်သောင်း၊ ဗိုလ်မြတ်ထွန်းဟိုတယ်မိသားစုနှင့် ဦးကိုကိုကြီးမိသားစုတို့က ငွေကျပ် တစ်သောင်းစီ၊ ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်သုံးသောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်စောလှနှင့်ဗိုလ်ချုပ်အောင်သိမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးတင်အောင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို လျှောက်ထားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တက်ရောက်လာကြသော အလှူရှင်များ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီရိပဝရ ဓမ္မာစရိယ ဝိနယပါရဂူ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ ဝတ်အဖွဲ့ကအရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ယနေ့လှူဒါန်းခဲ့သော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၈၃အိတ်၊ ဆီ ၉၄ပိဿာ၊ ပဲ ၃၉၉ပိဿာ၊ အိုင်အိုဒင်းဆား၉၈ပိဿာ၊သွားတိုက်ဆား ၉၉ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ၂၉၈၉ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၊ ငါးသေတ္တာ ၁၂ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၅၁၁၂၇၀တို့ဖြစ်သည်။

စမ်းချောင်း

အလားတူ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပရာ စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နေနတ်သားစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇနက အမှူးပြုသောဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့်စမ်းချောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့်ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်အရာရှိကြီးများက ပဓာန နာယကဆရာတော်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃ နာယက အဖွဲ့ဝင် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ သံဝရထံမှ ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ နှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံး စခန်းမှူးဗိုလ်ချုပ်လှအောင်သိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်းတို့က ပဓာနနာယကဆရာတော်နှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေများကို စိုက်ထူလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် တစ်သိန်းခြောက်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် လေးသောင်း ရှစ်ထောင်၊ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများက ငွေကျပ်ခြောက်သိန်း၊ စမ်းချောင်း မြို့နယ်မှ ဦးမောင်မြ၊ဒေါ်အေးချစ်မိသားစုနှင့် ဦးလှမင်း – ဒေါ်တင်ရီမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ကေသီပန်ဆေးတိုက်မိသားစုက ငွေကျပ် သုံးသိန်း၊ Asia Express မှ ဦးမောင်မောင်က ငွေကျပ် တစ်သိန်းရှစ်သောင်း၊ ဦးစိန်ထွေး၊ဒေါ်ဆုစန္ဒာဟုတ်တို့က ငွေကျပ်တစ်သိန်းရှစ်သောင်း၊ ပြည်လုံးချမ်းသာဆေးတိုက်က ငွေကျပ်တစ်သိန်း၊ စမ်းချောင်းမြို့နယ်မှ ပြည်သူများက ငွေကျပ် တစ်သိန်း လေးသောင်းရှစ်ထောင်၊ ဦးသိန်းမောင်– ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် တစ်သိန်းနှင့် ကျပ်ကိုးဆယ်၊ မြန်မာပြည်သားဟော့ ကေအန်ကုမ္ပဏီ၊ ဘီတီဘီကုမ္ပဏီ၊ သမ္မတသင်္ကန်းတိုက်မိသားစု၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးမိသားစု၊ ပီအိုနီဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးဆောင်ငွမ်း– ဒေါ်စောချိန်တို့အား ရည်စူး၍ သားသမီးတစ်စု၊ စမ်းချောင်းမှ ဦးအောင်ကြီး–ဒေါ်ခင်ချိုချို၊ ဦးချစ်တင်–ဒေါ်လှကြည်မိသားစု၊ မောင်စည်သူကိုကိုလွင်မမွေးမွေးခင်မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ်ခြောက်သောင်းငါးထောင်ခုနစ်ရာ၊ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးက ငွေကျပ်ငါးသောင်း၊ ဦးပန်း–ဒေါ်ခင်အေးမိသားစုက ငွေကျပ် ငါးသောင်း၊ စမ်းချောင်းဝါးခယ်မလမ်းမှ ဒေါ်အုန်းမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့တို့က ငွေကျပ် ကိုးသောင်း ငါးထောင်၊ ဆန်းမြန်မာအင်တာနေရှင်နယ် အင်ပက်စ်ကုမ္ပဏီက ငွေကျပ် ကိုးသောင်း၊ မြင့်မြတ် စပါးရောင်းဝယ်ရေးမှ ဦးအောင်မွန် မိသားစုက ငွေကျပ်ရှစ်သောင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းကငွေကျပ် ငါးသောင်း၊ စမ်းချောင်းမှ ဦးလှမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးမောင်လှိုင်–ဒေါ်ကျော့မိသားစုက ငွေကျပ် ခြောက်သောင်း၊ မှန်ချိုဆေးတိုက်မှ ဦးကျော်ကျော်ဌေးမိသားစု၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေမိသားစု၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းမိသားစု၊ ကျော်တိုင်းရင်းဆေးဝါးမှ ဒေါက်တာအေးကျော် မိသားစု၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဒေါက်တာဖေညာဏ်မိသားစုက ငွေကျပ်နှစ်သောင်း၊ဒိုင်းနမိုက်ကုမ္ပဏီမှ ငွေကျပ်တစ်သိန်း၊ ဦးဇော်နိုင်–ဒေါ်ခင်ညွန့်ရီ မိသားစုနှင့် ကိုယုမင်းလတ် မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးအောင်မြင့်–ဒေါ်ဖြူသီ (လူပျံတော်ပတ္တမြားဆေးတိုက်)က ငွေကျပ်လေးသောင်းငါးထောင်၊ စမ်းချောင်းမြို့နယ် ပြည်ခိုင်ဖြိုး မိသားစုက ငွေကျပ်သုံးသောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သောင်း၊ ဦးသိန်းဌေး လူပျံတော်ပတ္တမြားမိသားစုကငွေကျပ်နှစ်သောင်း၊ ဦးဝိစာရအိမ်ရာမှ ဒေါ်မြသိန်း၊ သားမောင်ရန်ရှင်း မိသားစုက ငွေကျပ် နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်း၊ ဗိုလ်ချုပ်အောင်သိမ်း၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်မှူးကြီးတင်နိုင်ထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဗိုလ်မှူးကြီး တင်စိုးတို့က လက်ခံကြသည်။

ယင်းနောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးတင်အောင်က ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နေနတ်သားစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တဇနကထံမှ သာဓုအနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင်စမ်းချောင်းမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ယနေ့လှူဒါန်းခဲ့သော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၇၁အိတ်၊ ဆီ ၂၆၈ ပိဿာ၊ ပဲ၃၃၆ပိဿာ၊ အိုင်အိုဒင်းဆား ၁၆၈၁ ပိဿာ၊ သွားတိုက်ဆား ၃၃၆ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၆၁၃ဘူး၊ စတုမဓု ၁၅ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၅၆၇၈၇၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)

■ တစ်ဖက်သတ်အချိန်အခါပြ ငြိမ်းချောက်နေခြင်းဖြင့် ဒီမိုကရေစီမဖြစ်ထွန်းနိုင်ပါ-
■ တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင်ကြရသည်ထက် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည် -
■ ဒီမိုကရေစီရေးကို တစ်ဖက်စောင်းနင်းဖိအားပေးမှုနှင့် ဖြေရှင်းနိုင်ပါမလား၊
■ အတွေးသစ်အမြင်သစ်တွေနဲ့ လမ်းသစ်တစ်ခုကို လက်တွဲဖော်ကြမယ်လို့ မျှော်လင့်ခဲ့သမျှ ရောင်နီလေးသန်းလာချိန်မှာပဲ အမြော်အမြင်နည်းပါးလွန်းတဲ့ လုပ်ရပ်၊ အဆင်ခြင်တုံးကင်းမဲ့တဲ့အဖြစ်အပျက်တစ်ခုကို ဖန်တီးပုံဖော်လိုက်တဲ့အခါ-
စသည်တို့ကို စေ့စေ့ငုငုလေ့လာမှတ်သားဖတ်ရှုနိုင်ခွင့်ရရှိမဲ့

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏
မျှော်လင့်ချက်ရောင်နီ နှင့်
လက်ရှုစိန်ခေါ်ချင်းပါးများ



အင်္ဂလိပ်ဘာသာဖြင့် ရက်ပိုင်းအတွင်း ဖြန့်ချိပါမည်။

ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ဝူမရိုက္ကူမြင့်ကျပ် ၄၅၀
နယူးဇေရင့်က္ကူဖြင့်ကျပ် ၁၈၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၃၈

■ ညီးတမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရန်မှာ ပြည်သူတို့၏ သည်းခြေကြိုက်ရည်မှန်းချက်များဖြစ်သည်-
■ စကားနောက် တရားပါ နှုတ်ကြောင့်သော လက်ကြောင့်ကျေ၊ တံတားတိုမှောင်မိုမလျှောက်နဲ့၊ စကားဆို တောင်လိုမမောက်နဲ့၊ ဆိုရိုးစကားများ သိထားလျက်အသိခေါက်ခက် အဝင်နက်မဖြစ်ကြရို-
■ သူတို့ပြောသလို ဘီဘီစီကို ဟီးရိုးလို့ မဆိုချင်၊ ဟီးရိုးအင်းလိုသာ အမည်ပေးချင်သည် စသည်ဖြင့် ယနေ့နိုင်ငံတော်၏ ကြိုးပမ်းတည်ဆောက်မှုကို အဖျက်အင်အားစု၏ နှောင့်ယှက်မှုများကို ပီပြင်စွာ တင်ပြလိုက်သည်-

ပြည်ထောင်စုအစရေးမျှော်တွေးလို့ခြင်းစစျင်နှင့် အခြားဆောင်းပါးများ

အထူးအစီအစဉ်ဖြင့်ဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ကျပ် ၁၀၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
☎ - ၂၉၄၃၃၈

❀ မြန်မာ့ရိုးရာမှ

ပြည်နယ်နှင့်တိုင်းများတွင်လည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ကျင်းပနေကြသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင်လည်း ရည်ရွယ်ချက်(၆)ရပ်ဖြင့် ကျင်းပသွားမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ခမ်းခမ်းနားနား ထည်ထည်ဝါဝါဖြင့် အောင်မြင်စွာ ကျင်းပသွားနိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ နှစ်စဉ်ကျင်းပပေးခဲ့ခြင်းကြောင့် လူငယ်လူရွယ်များအတွင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုစိတ်ဓာတ်များ ကိန်းအောင်း ဖြစ်ထွန်းလျက်ရှိနေကြောင်း၊ အချို့အနည်းအကျဉ်းသာ ခေတ်ရေစီးအတိုင်း လိုက်ပါချင်သူများ ရှိနေသေးကြောင်း၊ ထိုလူငယ်လူရွယ်များကို စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက်ထိရောက်သော ပညာပေးစည်းရုံးမှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် ပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် အကြံပေးဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ဧည့်ခံကျွေးမွေးရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီနှင့် ကျန်းမာရေးဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူတို့ကပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များအလိုက်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဂီတလုလင်ဦးကိုကိုရေးသားစပ်ဆိုသည့် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဏာမတေးကဗျာကိုနားဆင်အတည်ပြုကြသည်။

အတုယူဖွယ်ရာ

ယင်းနောက် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် အနုပညာရှင်ကြီးများအားလုံး စုံစုံညီညီ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြသည်ကိုဝမ်းမြောက်ဖွယ်ရာတွေ့မြင်ရကြောင်း၊ အနုပညာရှင်ကြီးများအနေဖြင့် ယနေ့ထက်တိုင် အနုပညာ တာဝန်များကိုမလျှော့သောအားမာန်ဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များအား အနုပညာအမွေလက်ဆင့်ကမ်းဖြန့်ဝေပေးနေသည်ကိုတွေ့ရသည်မှာ မျိုးဆက်သစ်လူငယ်များအတွက် အတုယူဖွယ်ရာဖြစ်သကဲ့သို့ အားအင်သစ်များကိုလည်း တိုးပွားလာစေကြောင်း။

ပညာရှင်ကြီးများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ၊ ဓလေ့၊ ထုံးတမ်းစဉ်လာများ တိမ်ကောပပျောက်မသွားရလေအောင် မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် လူငယ်လူရွယ်များအား စိတ်ဓာတ်အပြည့်၊ စွမ်းအားအပြည့်ဖြင့် လက်ဆင့်ကမ်းဖြန့်ဝေပေးနေကြသည်ကိုတွေ့ရှိရသဖြင့် နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း။

ပြည်နယ်နှင့်တိုင်းများကလည်း ပြိုင်ပွဲကြီးတွင် စုံစုံညီညီပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေကြောင်းကို သိရှိရကြောင်း၊ ယခုနှစ်တွင် ရုပ်သေးပြိုင်ပွဲ(ပညာရှင်အဆင့်)တွင် အဖွဲ့ငါးဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဟု သိရှိရကြောင်း။

နိုင်ငံတော်ကဦးစီး၍ နှစ်စဉ်ကျင်းပနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်အားလုံး ရင်းနှီးတက်ကြွစွာ ယှဉ်ပြိုင်ခဲ့ကြပြီး နေရပ်ဒေသအသီးသီးသို့ ဝမ်းမြောက်ဝမ်းသာ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း၊ မိမိနေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိသောအခါတွင်လည်း ပြိုင်ပွဲကြီး၏အတွေ့အကြုံများကိုတစ်ဆင့် ပြန်လည်ပြောကြားခဲ့ခြင်းကြောင့် နိုင်ငံတော်၏စေတနာနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ ထိန်းသိမ်းမှုများကို သိရှိလာခဲ့ကြပြီးတစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်သူများတိုးပွားလာခဲ့ကြောင်း။

အလားအလာကောင်း

ယခုကဲ့သို့နှစ်စဉ်ကျင်းပပေးနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တက်ညီလက်ညီဖြင့် ပါဝင်ဆောင်ရွက်နေကြခြင်းသည် နိုင်ငံတော်အတွက် အလားအလာကောင်းများ ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပညာရှင်ကြီးများ အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပြီး လက်ဆင့်ကမ်းဖြန့်ဝေပေးခဲ့ကြကြောင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထိန်းသိမ်းမှုတွင် မြန်မာနိုင်ငံသည် စံနမူနာပြုရသည့်နိုင်ငံဖြစ်ကြောင်း။

မိမိတို့ လက်ထက်တွင်လည်း၎င်း ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး ယခုကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကြီး အောင်မြင်ရေးအတွက် တက်ညီ လက်ညီ ဆောင်ရွက်သွားကြရေး မှာကြားသည်။

ရွေးချယ်အတည်ပြု

ထို့နောက် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အသုံးပြုမည့် အခမ်းအနား၊ နောက်ခံပန်းချီ နမူနာပုံစံများ၊ ပိုစတာများ၊ ပို့စကတ်များ၊ လက်ကမ်းစာစောင်များ၊ ဖိတ်ကြားလွှာ၊ ရင်ထိုးတံဆိပ်၊ ဆုတံဆိပ်၊ ဂုဏ်ပြုလွှာ နမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေး ရွေးချယ်အတည်ပြုပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Auditor (B.Com/ CPA) ကျား/မ (၂)ဦး
လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအားစစ်ဆေးနိုင်ပြီး၊ အတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိရမည်။
2. Senior Accountant ကျား/မ (၃)ဦး
(CPA/ B.Com/ LCCI III/DA) Computerized Accounting ကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။ ဌာနစုတစ်ခု၏စာရင်းများအား တာဝန်ခံဆောင်ရွက်နိုင်ရမည်။
3. Sale Representative ကျား/မ (၅)ဦး
ခရီးသွားလာနိုင်သူဖြစ်ရမည်။ အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အနည်းဆုံး(၁၀)တန်းအောင်ရမည်။
4. Office Staff (Export/Import) ကျား/မ(၃)ဦး
Export/Import နှင့်ပတ်သက်သည့် လိုင်စင်ကိစ္စများ၊ Bank နှင့်ပတ်သက်သည့် TT,LC ကိစ္စများ၊ Custom Clearing ကိစ္စများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။
5. မော်တော်ယာဉ်မှူး ကျား(၁)ဦး
အသက် (၃၀)နှစ်မှ(၄၅)နှစ်အတွင်းရှိသူဖြစ်ပြီး၊ မော်တော်ယာဉ်နှင့်ယာဉ်မောင်းများကို ကောင်းစွာ ကိုင်တွယ်စီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။
6. ယာဉ်မောင်း ကျား(၄)ဦး
- ကားကောင်းမောင်းနိုင်သူ
- ၂/၃တန်ကားဖြင့် နယ်ခရီးဝေးမောင်းနိုင်သူ
- ကားသေးမောင်းနိုင်သူ

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း မိမိတို့ CV (ကိုယ်ရေးရာဇဝင်)၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မိမိကို ဆက်သွယ်ရန်လွယ်ကူသော ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကို တိကျစွာဖော်ပြ၍ ရန်ကုန်စာတိုက်သေတ္တာအမှတ် (၈၀၅)သို့ ပေးပို့လျှောက်ထားနိုင်သည်။

✡ တာဆွတ်ဟိုက်းမှ

ဟိုမိန်းမြို့နယ်ခွဲသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းပန်မြို့နယ်အတွင်းပါဝင်၍ မြန်မာ-ထိုင်းနယ်စပ်တွင်တည်ရှိပြီး အရှေ့ဘက်တွင် မိုင်းဆတ်ခရိုင်၊ အနောက်ဘက်တွင် ကယားပြည်နယ်နှင့်မောက်မယ်မြို့နယ်၊ မြောက်ဘက်တွင် သံလွင်မြစ်(လင်းခေးမြို့နယ်)၊ တောင်ဘက်တွင် ထိုင်းနိုင်ငံနယ်နိမိတ်နှင့် ထိစပ်လျက်ရှိသည်။

မြို့နယ်ခွဲအကျယ်အဝန်းသည်ဧရိယာဧက ၃၇၈၈၈၀ရှိပြီး စတုရန်းမိုင် ၅၉၂ စတုရန်းမိုင်ရှိသည်။ ဟိုမိန်းမြို့နယ်ခွဲ တစ်ခုလုံးသည် မြေပြန့်နည်းပြီး တောင်ကုန်း တောင်တန်းထူထပ်၍ လျှိုမြောင်ပေါများသည့် ဒေသဖြစ်သည်။ တောင်တန်းများသည် အမြင့်ပေ ၄၀၀၀ မှ ၇၀၀၀ ကျော်ထိ မြင့်မားသည်။

တာဆွတ်ဟိုက်းကမ်းမှ ဟိုမိန်းအထိ ၃၅မိုင်ရှိပြီး ဟိုမိန်းမှ နားမွန်းလုံထိ ၁၂မိုင် စုစုပေါင်း ၄၇ မိုင်ရှည်လျားကြောင်း သိရသည်။

မဟာဗျူဟာလမ်း ဖောက်လုပ်မှုကို ၁၃-၁၁-၂၀၀၂နေ့တွင် စတင်ခဲ့သည်။ မိုင်အရှည်အားဖြင့် တာဆွတ်ဟိုက်းမှ ဟိုမိန်းအထိ ၃၅မိုင်ရှိပြီး ဟိုမိန်းမှနားမွန်းလုံအထိ ၁၂မိုင် စုစုပေါင်း၄၇မိုင်ရှိသည်။ တာဆွတ်ဟိုက်းနှင့် ဟိုမိန်းကြားတွင် ပေအရှည် ၁၂၀ ရှိ နမ့်ဆီးချောင်းဘေလီတံတားကို ၁-၈-၂၀၀၃နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။

သံလွင်မြစ်အကျယ်ပေ ၁၂၀၀ ဖြတ်ကူးရန်အတွက် ခံနိုင်ဝန် ၂၅တန်ရှိ စစ်သုံးပွန်တွန်းဖောင် ၂၈ပေ x ၆ပေ ခြောက်စီးတွဲတွင် ယာမဟာပဲ့ချိတ်စက် မြင်းကောင်ရေ ၄၀ အား လေးစင်းဖြင့် သံလွင်မြစ်ကို ဖြတ်ကူးနိုင်သည်။ တာဆွတ်ဟိုက်း-ဟိုမိန်း-နားမွန်းလုံသည် မူလလမ်းအကျယ် ၁၆ပေရှိပြီး မဟာဗျူဟာလမ်းအဖြစ် ၃၄ပေအကျယ် ၂၄မိုင် ပြီးစီးနေပြီဖြစ်သည်။

၂၂ပေအကျယ် လမ်း ၁၀ မိုင်ပြီးစီးနေပြီး မူလလမ်းကိုချဲ့ရန် လမ်းမိုင် ၁၃ မိုင်သာ ကျန်ရှိကြောင်း သိရသည်။

မဟာဗျူဟာလမ်းဖောက်လုပ်ရာတွင် ဒီ ၇ ဂျီမြေထိုး၊ စက်လေးစီး ဒီ ၆ ဒီမြေထိုးစက်တစ်စီး၊ ဒီ ၅အိပ်ချ် မြေထိုးစက်တစ်စီး၊ ဒီ ၄ အိပ်ချ်မြေထိုးစက်တစ်စီး၊ ဘက်ဟိုးမြေတူးစက်တစ်စီး၊ မြေသယ်ယာဉ်ငါးစီး၊ ထော်လာဂျီတစ်စီး၊ လမ်းကြိတ်စက်တစ်စီး၊ ဟိုင်းလတ်ကား ၄x ၄ နှစ်စီးနှင့် နီဆန်းကောင်တာတစ်စီးတို့ဖြင့် မဟာဗျူဟာလမ်းကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဇက်ရေယာဉ်တည်ဆောက်

ထို့အတူ ရေစီးသန်သည့် သံလွင်မြစ်ကို ဖြတ်ကူးရန် အလျား ၇၅ ပေ၊ အကျယ် ၁၈ ပေရှိပြီး ခံနိုင်ဝန်တန် ၄၀ရှိ ဇက်ရေယာဉ်တစ်စင်းကို တည်ဆောက် စမ်းသပ်လျက်ရှိသည်။

နိုင်ငံတော်မှ ထောက်ပံ့အားပေးမှုများနှင့်အတူ ဒေသခံတပ်ရင်းများ၏ လုပ်အား၊ ဒေသခံတိုင်းရင်းသားများ၏ ပံ့ပိုးကူညီမှုကြောင့် ဟိုမိန်းမဟာဗျူဟာလမ်းမကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် မကြာမီပေါ်ထွန်းလာတော့မည်ဖြစ်သကဲ့သို့ မြစ်ခြား၊ ချောင်းခြား၊ တောင်စဉ်တောင်တန်း ခြားနေရသော တိုင်းရင်းသားညီနောင်ဖွားတို့သည်လည်း သွားလာဆက်သွယ်မှုလွယ်ကူ မြန်ဆန်လာသည်နှင့်အမျှ လူမှုရေးဘဝ၊ စီးပွားရေးဘဝတို့ ပိုမိုမြင့်မားလာတော့မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

(ကြေးမုံ)

ဖျာပုံခရိုင် ကောဒသမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ဖျာပုံ စက်တင်ဘာ ၂

၂၀၀၃ ခုနှစ် ကောဒသမအကြိမ် ဖျာပုံခရိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် ည ၇ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က တံခွန်စိုက်ဆုရ ဘိုကလေးမြို့နယ်ကို တံခွန်စိုက်ဆုဖလားနှင့် ဆုငွေများ ချီးမြှင့်ခဲ့ပြီး ပညာရှင်၊ ဝါသနာရှင်အဆင့်၊ အခြေခံပညာအဆင့် ပထမဆု၊ ဒုတိယဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(ခရိုင်ပြန်/ဆက်)

မိုးညှင်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

မိုးညှင်း စက်တင်ဘာ ၃

မိုးညှင်းမြို့နယ် ကောဒသမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးတင်ထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သင်မိုးအေး၊ မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမက ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းဆရာ၊ ဆရာမများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

ညှော့်ခံဖျော်ဖြေ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်အောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သင်မိုးအေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက အဆို၊ အက၊ အတီးများဖြင့် ညှော့်ခံ ဖျော်ဖြေကြပြီး ပြိုင်ပွဲအသီးသီးကို ဆက်လက်ကျင်းပသည်။ (၄၇၉)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် မှတ်တမ်းတင် ဗီဒီယိုပြသခြင်းလုပ်ငန်းကို ဩဂုတ် ၂၆ ရက်က သံလျက်မော် အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဖွင့်လှစ်ရာ ပြပွဲ၏ရည်ရွယ်ချက်ကို မြို့နယ်ဦးစီးမှူး ဦးဝင်းကိုမြက ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

တမူးမြို့နယ် ပါဟဲချောင်းတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

တမူး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်း တမူးမြို့နယ် ပါဟဲချောင်းအတွင်းသို့ ဩဂုတ် ၂၀ ရက်က ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တမူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိ ဦးဘွေမုန်းနှင့် တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်နှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများ၊ရေလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများက ငါးသားပေါက် ကောင်ရေ သိန်း ၂၀ ကျော်ကို ပါဟဲချောင်းအတွင်းသို့ စိုက်ထည့်ကြသည်။ **(အပေါ်ပုံ)** (၄၅၇)

